


# ဒါန သီလ လောက်နဲ့ တင်းတိမ်ပြီးမနေပါနဲ့

ဟောကြားသည့်နေ့

၂၄-၂-၆၁

၂၇၀

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၄) မှ ထုတ်နုတ်ပုံနှိပ်ပါသည်။

0253

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ဟောကြားတော်မူသောတရားတော်

# ဒါန သီလလောက်နဲ့
# တင်းတိမ်ပြီးမနေပါနဲ့

ဟောကြားသည့်နေ့
(၂၄-၂-၆၁)

THITSARPARAMI LIBRARY
Date ..........................

စာမူခွင့်ပြုချက်အမှတ် - ၄၂၅
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၈၆

**ထုတ်ဝေသူ** ဦးအောင်ချို (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဒေါ်နုနုဝင်း (မြ - ၀၆၆၅၆)
လောကပါလပုံနှိပ်တိုက်
အမှတ် (၈၄)၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်

# ဒါန သီလလောက်နဲ့ တင်းတိမ်ပြီးမနေပါနဲ့

ဟောကြားသည့်နေ့ (၂၄-၂-၆၁)

ဒကာ ဒကာမတို့ မြတ်စွာဘုရားဟာ ငှဲလည်းငှဲဖို့ ကောင်းပါတယ်၊ ကြည်ညိုလည်း ကြည်ညိုဖို့ကောင်းပါတယ်၊ ချီးမွမ်းလည်း ချီးမွမ်းဖို့ကောင်းပါတယ်။

သူကိုယ်တိုင် တစ်ယောက်တည်း ဒုက္ခခပ်သိမ်း ကင်းငြိမ်းတဲ့ နိဗ္ဗာန်ကြီးကို ယူမယ်ဆိုလို့ရှိရင် သုမေဓာရသေ့အဖြစ် ဒီပင်္ကရာဘုရားရှင်လက်ထက်ကတည်းကပဲ တစ်ယောက်တည်း

ဆိုရင်တော့ အောင်ပွဲယူနိုင်တယ်ဆိုတာ သူ့ဟာသူ သိပါတယ် . . . (မှန်ပါ့)။

## ငါတစ်ယောက်တည်းနိဗ္ဗာန်မယူဘူး

ထိုကဲ့သို့သိပြားသော်လည်း ငါတစ်ယောက်တည်း နိဗ္ဗာန်မယူဘူး၊ အားလုံးသော သတ္တဝါတွေ သယ်ယူပို့ဆောင်ပြီးမှ အတူတူမှ နိဗ္ဗာန်သွားမယ်ဆိုတဲ့စိတ်ထားကြောင့် အသားတွေလှူပြီးသကာလ သဗ္ဗညုတဉာဏ်ရအောင် ဆုတောင်းပြီးလုပ်ရ၊ အရိုးတွေ လှူပြီးသကာလ သဗ္ဗညုတဉာဏ်ရအောင် ဆုတောင်းပြီးလုပ်ရ၊ အသက်စွန့်ပြီးသကာလ စွန့်ခြင်းကြီးငါးပါးတွေ စွန့်ပြီးသကာလ လုပ်ရတဲ့အလုပ်တွေဟာ ဦးခင်မောင် . . . တယ်ကြီးကျယ်တယ် . . . (မှန်ပါ့)။

အဲဒီ ကြီးကျယ်တာတွေ ဒကာ ဒကာမတို့ သူ့အတွက်လား . . . သူများအတွက်လားဆိုတာ အကဲခတ်ကြည့်တာပေါ့ . . . (သူများအတွက်ပါဘုရား)။

ဩော်. . . သူများအတွက်ဆိုတော့ ဒီကျန်ရစ်ခဲ့တဲ့ ဒကာဒကာမတွေအတွက်ရော, သူနဲ့ပါသွားတဲ့ ပုဂ္ဂိုလ်တွေအတွက်ရော ရွက်ဆောင်သွားတယ်နော် . . . (မှန်ပါ့)။

အဲဒီတော့ သူနဲ့ပါတဲ့ ပုဂ္ဂိုလ်တွေအတွက်ကတော့ဖြင့် အထူးမှာစရာရယ်လို့ မှာတမ်းမလိုတော့ပါဘူး၊ သူယူဆောင်သွား

လို့ပဲ နိဗ္ဗာန်ရောက်ပြီးသကာလ ဒုက္ခခပ်သိမ်း ကင်းငြိမ်းပြီး သကာလ နေကြပြီဆိုတာ ဒကာ ဒကာမတွေ အထင်အရှား အမြင်သားဖြစ်ပါလိမ့်မယ်နော် . . . (မှန်လှပါဘုရား)။

## ဘုရားကဘယ်လိုမျှားမှာခဲ့သလဲ

ကျန်တဲ့ပုဂ္ဂိုလ်တွေအတွက်တော့ ဘယ်လိုမျှား မှာခဲ့သလဲဆိုတဲ့ဥစ္စာ အကြိမ်ပေါင်း တစ်ထောင့်ခုနစ်ရာ ကိုးဆယ့်နှစ်ကြိမ်တိုင် မင်းတို့ကွာ ငါမရှိပေမယ့်လည်း ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်နဲ့တကွ ငါဘုရားတပည့်သားမြေးတွေ ဆရာလုပ်ပြီး သကာလ မင်းတို့ကို သယ်ယူပို့ဆောင်ရစ်ပါလိမ့်မယ်ဆိုတာလည်း မှာခဲ့တာကတစ်ကြောင်း၊ သူကိုယ်တိုင်လည်း ဝိပဿနာတွေရှု၊ သမထဝိပဿနာတွေကြိုးစားကြလို့ရှိရင်ဖြင့် မင်းတို့သည်ကားလို့ဆိုရင်ဖြင့် ငါ ပရိနိဗ္ဗာန်စံပြြားသော်လည်း အလုပ်ကရားက ဒါပဲ၊ ဒါလုပ်ရစ်ကြဆိုပြီး မှာပစ်ခဲ့တာက တစ်ထောင့်ခုနစ်ရာ ကိုးဆယ့်နှစ်ကြိမ်တိုင်တိုင် ဦးခင်မောင် . . . မှာခဲ့တယ်နော် . . . (မှန်လှပါဘုရား)။

## အလုပ်လုပ်ဖို့တစ်ခုဒြင့်လိုတယ်

ဒါကြောင့် . . . ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဒီမှာတမ်းအတိုင်းကိုပဲ ဘုန်းကြီးများကလည်း အလုပ်လုပ်ပြပါတယ်၊

ဒီ ဒကာ ဒကာမတွေကလည်း ဘုရားမရှိလို့ အားငယ်စရာမလို ဘူး၊ အလုပ်လုပ်ဖို့တစ်ခုဖြင့် လိုတယ်ဆိုတာ တရားတစ်ပွဲလုံးပဲ မှတ်ကြပါဆိုတာ စောစောစီးစီး သတိပေးပါတယ်နော် . . . (မှန်ပါ့ဘုရား)။

## သမထဝိပဿနာတွေကြိုးစားကြပါ

ဘယ်လိုမှာတုံးဆိုတော့ ခဏခဏပဲ ဘုန်းကြီးလည်း ခုနစ်ရက်တစ်ပတ်ဆိုသလို သတိပေးတယ်။

**"ဈာယထ ဘိက္ခဝေ မာပမာဒတ္ထ၊ မာပစ္ဆာ ဝိပ္ပဋိသာရိနော၊ အယံဝေါ အမှာကံ အနုသာသနီ။"**

ဘိက္ခဝေ - အို . . . ငါ၏ချစ်သားတပည့်များတို့ ဈာယ ထ-သမထဝိပဿနာ ရှုကြကွာ။

သမထဝိပဿနာတွေ ကြိုးစားကြပါကွာဆိုတာ မမှာဘူး လား . . . (မှာပါတယ်ဘုရား)။

မာပမာဒတ္ထ-သားရေး, သမီးရေး, စီးပွားရေးကြောင့် မေ့လျော့ပေါ့ဆ၍ မနေကြနှင့်။

သားရေး, သမီးရေး, စီးပွားရေးကြောင့် သမထ ဝိပဿနာ အလုပ်ကြီး မေ့မနေကြနဲ့ဟေ့ . . . ဒါဟာ ဘုရားရှင် က တစ်ထောင့်ခုနစ်ရာ့ကိုးဆယ်နဲ့ နှစ်ကြိမ်တိုင်တိုင်မှာတဲ့ ပါဠိ တော်နော် . . . (မှန်လှပါဘုရား)။

ပဋ္ဌာ - သေရာ ညောင်စောင်း လျောင်းစက်တဲ့အခါ ကာလကျမှ . . .။

ဒကာ ဒကာမတွေ သေရာညောင်စောင်း တက်ကြရဦး မှာကိုးဗျ၊ သေရာ သင့်ဖြူးပေါ် သော် လည်းကောင်း၊ ကြမ်းပေါ် သော်လည်းကောင်း၊ မသေခင် ဝေဒနာခံစားပြီး သေရဖို့ အလုပ်ကြီးကတော့ဖြင့် ကိုယ်တိုင်ခံစားပြီး တွေ့ကြရဦးမည့် အလုပ်တွေ ဦးခင်မောင် . . . မလွဲဘူးပေါ့ဗျာ . . . (မလွဲပါ ဘုရား) အဲဒီ အချိန်ကျတော့ . . .

ဝိပ္ပဋိသာရိနော = ဩော် . . . ငါ သားရေး, သမီးရေး, စီးပွားရေးကြောင့် ငါဖြင့် အခု ဒုက္ခလှလှကြီး ရပါပေါ့ကလားလို့ နှလုံးမသာယာခြင်းရှိကြကုန်သည်၊ မာအဟု ဝတ္ထ = မဖြစ်ကြကုန် လင့်. . .။

မှာပြန်တယ် ဦးခင်မောင်ရေ့ . . . (မှန်ပါ့) မောင်ထွန်းလှိုင် . . . မမှာဘူးလား . . . (မှာပါတယ်ဘုရား) ဒကာသစ်တို့ မှာသနော် . . . (မှာပါတယ်ဘုရား)။

## ဘာကြောင့်မှာပါလိမ့်မတုံး

ဘာကြောင့် မှာပ၊လိမ့်မတုံးဆိုလို့ရှိရင်၊ ကွာ . . . တဲ့ မင်းတို့ ဝိပဿနာအလုပ် မလုပ်လို့ရှိရင်ဖြင့် ဒကာ ဒကာမတွေ သေရာညောင်စောင်း လျောင်းစက်ဖို့ ဆိုတဲ့အခါ ရှိသေး သနော်. . . (မှန်ပါ့)။

သေရာဌာနတော့ လူတိုင်းပဲရောက်ရမယ်ဆိုတာ ငြင်းဖို့ လိုသေးသလား . . . (မလိုပါဘုရား)။

အဲဒီအချိန်ကျတော့ ဒကာ ဒကာမတို့ ကိုယ်သွားရာလမ်းခရီး ကိုယ်အမြင်ကြီး မြင်ပါလိမ့်မယ်လို့ ပြောလိုက်တယ်နော် . . . (မှန်ပါ့)။

ကိုယ်သွားရာခရီးက မသေခင်က မြင်တယ်လို့ တရားတစ်ပွဲလုံး ဆုံးဖြတ်ချက်ချစမ်းပါ . . . (မှန်ပါ့) ဘယ်အချိန်မှ မြင်ပါလိမ့် . . . (သေခါနီးမှ မြင်မှာပါဘုရား) မသေခင်က မြင်ရမယ်ဆိုတာ အရှင်းသားပဲနော် . . . (မှန်ပါ့)။

## မသေခင်ဘယ်လိုမြင်တတ်သတုံး

မသေခင်ကမြင်ရမယ်ဆိုတော့ပြော် . . . ဒါဖြင့် . . . ဒကာ ဒကာမတို့ မသေခင်ဘယ်လိုမြင်တတ်ပါသတုံး . . . လို့ မေးတဲ့အခါကျတော့ ခွေးနက်ကြီးကိုလည်းမြင်တတ်တယ်နော် . . . (မှန်ပါ့) ငရဲမီးတွေ ဟုန်းဟုန်းတောက်နေတာလည်း . . . (မြင်တတ်ပါတယ်ဘုရား) တောင်တွေ, ချောက်တွေ, ကျားကြီးတွေကော . . . (မြင်တတ်ပါတယ်ဘုရား) အမိဝမ်းရေတွေကော. . . (မြင်တတ်ပါတယ်ဘုရား)။

ဒါ ဘယ်အချိန် မြင်တာပါလိမ့် ဒကာ ဒကာမတို့ . . . (မသေခင်မြင်တာပါဘုရား) မသေခင် ကပ်ပြီးသကာလ

ဦးခင်မောင် မြင်တာဆိုပါကလား. . . (မှန်လှပါဘုရား)ဦးဇံရင်တို့ ဘယ်အချိန် မြင်ပါလိမ့် . . . (မသေခင် ကပ်မြင်တာပါဘုရား)။

## ခွေးနက်ကြီးတွေ၊ ငရဲမီးတွေ

ဒီကျတော့ ဒကာ ဒကာမတွေသိပြီ၊ သြော်. . . ငါသည် ကားလို့ဆိုရင်ဖြင့် ခွေးနက်ကြီးတွေလည်းမြင်ရပြီ၊ ငါ့ကိုက်မလို့၊ ငါ့ဆွဲမလို့၊ ငရဲအိုး, ငရဲမီးတွေလည်းမြင်ရပြီ၊ ငါရောက်ရာ လမ်းကဖြင့် အောက်လမ်းပါကလားဆိုတာ သေချာပြီးသကာလ နေတော့ သြော် . . . သား, လင်, ခင်ပွန်း, ကိစ္စတွေနဲ့ အချိန်ကုန် ပြီးသကာလ သားရေး, သမီးရေး, စီးပွားရေးနဲ့ အချိန်ကုန်ပြီး ငါ ဘုရားမှာတော်မူတဲ့ဝိပဿနာအလုပ်ကြီး မလုပ်ခဲ့တာဖြင့် ကိုယ် ကျိုးနည်းပေါ့လို့ဆိုပြီး မျက်ရည်တွေ တစ်ခါတည်းကျလာတယ် . . . (ကျပါတယ်ဘုရား) သေခါနီး မျက်ရည်ကျတယ် . . . (မှန်ပါ့)။

## (၁၇၉၂) ကြိမ်တိုင်တိုင် မှာတဲ့ပါဠိတော်

ဘယ်အချိန် ကျပါလိမ့် . . . (သေခါနီး ကျပါတယ် ဘုရား) ဦးခင်မောင် ဒါ လူတိုင်းအလုပ်မို့ သေသေချာချာ ပြော နေပါတယ်၊ တစ်ထောင့်ခုနစ်ရာ့ကိုးဆယ့်နှစ်ကြိမ်တိုင်တိုင် မှာတဲ့

ပါဠိတော်မို့ ခုနှစ်ရက်တစ်ပတ်လောက် သတိပေးနေတယ်ဆို တာ ဒကာ ဒကာမတို့ မှတ်လိုက်စမ်းပါ. . . (မှန်ပါ့)။

ဝိပဿနာလုပ်ကြ, ဝိပဿနာလုပ်ကြ၊ ထိုကဲ့သို့မလုပ်ခဲ့ သည်ရှိသော် သေရာညောင်စောင်းလျောင်းစက်တဲ့အခါကျ တော့မှ ဩော်. . . ငါ အနေဆိုးနေလို့ရှိရင် အသေဆိုးဖြင့် သွားရ တော့မယ်ဆိုတာ သူတစ်ပါးလည်း မပြောနိုင်ဘဲနဲ့ ခေါင်းအုံးပေါ် မျက်ရည်တွေ စီးကျတယ် ဦးခင်မောင်ရေ . . . (မှန်ပါ)။

## ကြွားခဲ့သရွေ့ မော်ခဲ့သရွေ့

ကြွားခဲ့သရွေ့, မော်ခဲ့သရွေ့ ဒီမှာဗိုင်းဗိုင်းလဲပေ့ါဗျာ . . . (မှန်ပါ့) မလဲကြသေးဘူးလား . . . (လဲပါတယ်ဘုရား) မော်ခဲ့ သရွေ့ မောက်ခဲ့သရွေ့ ဘာဖြစ်ပါလိမ့် . . . (ဗိုင်းဗိုင်းလဲပါတယ် ဘုရား) ဒီနေရာ ဗိုင်းဗိုင်းလဲတာပဲ ဒကာ ဒကာမတို့ သိပ်ကြောက် စရာကောင်းပါကလား . . . (မှန်ပါ့)။

ကြပ်ကြပ်စဉ်းစားကြပါ ဒကာ ဒကာမတို့ သေခါနီးကျ လာတဲ့အခါကျတော့သားကလည်း အနားမှာ ရှိငြားသော်လည်း သူလည်း ပြောချိန်မရ စိန်, ရွှေ, ငွေ, ကျောက်သံပတ္တမြားတွေ အနားမှာရှိငြားသော်လည်း ကယ်ဖော်, ယူဖော်, ကမရ ကိုယ်မြင် နေတဲ့မြင်ရာဌာနကြီးကလည်းကြောက်စရာ, လန့်စရာကြီး ဒီလမ်း ပဲ သွားရတော့မယ်ဆိုတာ ကိုယ်ကိုယ်တိုင်သိ၊ ငါဖြင့် မှားခဲ့ပေ့ါ

ဆိုပြီး သကာလ မျက်ရည်ကြီးငယ်တွေ ကျရတယ် ဦးခင်မောင်ရေ. . . (မှန်လှပါဘုရား)။

ဒကာ ဒကာမတို့ ခင်ဗျားတို့ ရောင်းဝယ် ဖောက်ကားစားသောက်ပြီးသကာလ နေတာတွေ ကြော်. . . ဒီအလုပ်တွေ မလုပ်နဲ့လို့ဆိုတာ မဟုတ်ဘူး၊ ဒီကြားထဲ ဝိပဿနာ ကြိုးစားကြ။ ပရိယေသနဆိုတာခန္ဓာရှိရင် လုပ်ရတာပဲ၊ သမ္မာအာဇီဝနဲ့ လုပ်ရင် အပြစ်မရှိပါဘူး၊ ကောင်းသော အသက်မွေးခြင်းနှင့်မွေးရင် အပြစ်မရှိပါဘူးဆိုတာလည်း သဘောကျပြီနော်. . . (မှန်ပါ့ဘုရား)။

## ဒါန၊ သီလလောက်နဲ့တင်းတိမ်မနေပါနဲ့ဦး

ထိုသို့ပင် အပြစ်မရှိငြားသော်လည်း ဒါနကလေးလောက်နဲ့ သီလကလေးလောက်နဲ့ တင်းတိမ်ပြီးသကာလ မနေပါနဲ့ဦးဆိုတာ ဈာယထ-ဝိပဿနာရှုကြ၊ မာပမာဒတ္ထ - မေ့လျော့ပေ့ါဆ၍ မနေလိုက်ပါနဲ့. . . ကွာ ဆိုတာကလေးဟာ ထပ်ကာထပ်ကာ မှာပြန်တော့ ဒီဟာကလေးများလောက်နဲ့တင်းတိမ်ပြီး မနေလိုက်ပါနဲ့ဦးကွဆိုတဲ့ အဓိပ္ပါယ်လည်း ရှင်းလင်းသွားတော့တယ်. . . (မှန်ပါ့)။

ဒါဖြင့် ဒကာ ဒကာမတို့ သေခါနီးကျလာတဲ့အခါကျမှ မောင်ကလည်းမကယ်နိုင်၊ ဖားကလည်းမကယ်နိုင်၊ လက်ဝတ်လက်စားတွေကလည်းမကယ်နိုင်၊ သား, လင်, ခင်ပွန်းတွေ

ကလည်း အနားကနေပြီး ဘာအလိုရှိတယ်လို့ပြောတာလည်း ကိုယ်ကမကြား၊ ကြားပြန်တော့လည်း ဘာမှမတတ်နိုင်၊ ကိုယ် လမ်းကသွားရမည့်လမ်းကြီးက အပါယ်လေးပါးကြီးကဖြောင့်ပြီး သကာလနေတော့ ဩော် . . . ဘယ့်နှယ်လုပ်ရပါမတုံး အခက် ဖြင့် ကြုံပေါ့ါဆိုပြီး မျက်ရည်တွေကျတယ် . . . (မှန်ပါ့)။

ဒကာ ဒကာမတွေ ဘယ်လောက်ကြောက်စရာကောင်း တယ်ဆိုတာ ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား) မဆိုးဝါးဘူး လား . . . (ဆိုးဝါးပါတယ်ဘုရား)။

## လူတိုင်းတွေ့ရမည့်ကိစ္စ

ဒါဖြင့် ဒီထဲ ဒကာ ဒကာ့မတွေအားလုံး ဘုန်းကြီးတို့ တွေ့ကြတဲ့ ဒကာ ဒကာမတွေ ဒီကိစ္စဟာတွေ့ရမည့်ကိစ္စ၊ ကြုံရမည့် ကိစ္စ၊ ဆုံရမည့်ကိစ္စဆိုတာ ငြင်းဖို့လိုသေးသလား . . . (မလိုပါ ဘုရား) သေခါနီးလေး . . . (မှန်ပါ့)။

သေခါနီး မရဏာသန္နဇော စောမည့် ကိစ္စတွေကို ဒကာ ဒကာမတို့ ငြင်းစရာမရှိပါဘူး . . . (မရှိပါဘုရား)။

လူတိုင်းတွေ့ရမည့်ကိစ္စ ယုတ်စွအဆုံး ဘုန်းကြီးပြောပြ ပါမယ် ဒကာ ဒကာမတို့ အင်မတန် ထက်လှစွာသော သင်မုန်း ဖျားပေါ် မှာနားနေတဲ့ယင်ကောင်ကလေးကို တုတ်ကလေးနဲ့ ထိလိုက်တာတောင်မှ သူသွားရာ လမ်းခရီးသေရမည့် နိမိတ်

မြင်သေးတယ်ဆိုတော့ ဦးခင်မောင် ကုန်ရောပေါ့ (မှန်ပါ့) မကုန်ဘူးလား . . . (ကုန်ပါတယ်ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေကို စားသောက် ပျော်ပါးပြီးသကာလ ကြွားဝါပြီးသကာလ နေမှုကို ဘုန်းကြီးတို့သည် မုဒိတာဖြစ်ပါတယ်၊ မုဒိတာဆိုတာ ဝမ်းသာ ပါတယ်ပြောတာပါနော် . . . (မှန်ပါ့ဘုရား)။

## တင်းတိမ်ပြီးနေမှာစိုးရိမ်တယ်

သို့သော် - ဒါလောက်နဲ့တင်းတိမ်ပြီးနေမှာကိုတော့ စိုးရိမ်ပြန်တယ်ဆိုတာလည်း သဘောကျပလား . . . (ကျပါပြီဘုရား)။

ဝမ်းလည်းမြောက်ပါတယ်နော် . . . (မှန်ပါ့) စိုးရိမ်တာကော . . . (စိုးရိမ်ပါတယ်ဘုရား) စိုးရိမ်စရာလည်း ရှိပါတယ်ဆိုတာ သေချာကြပလား . . . (သေချာပါပြီဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေအတွက် ကျန်းမာ ချမ်းသာပြီးသကာလ ကာလကောင်း၊ ဒေသကောင်းမှာပဲ လူဖြစ်လာလို့ ကိုယ့်အိုး ကိုယ့်အိမ်နဲ့ ကိုယ့်တိုက်၊ ကိုယ့်တာကိုယ့်ကားတွေနဲ့ နေကြ၊ ထိုင်ကြ တာတွေကိုလည်း အလွန်ပဲ ဝမ်းသာပါတယ် . . . သူတို့ကာမာဝစရရှိကြပေတယ်ဆိုပြီး ဝမ်းသာပါတယ် . . . (မှန်ပါဘုရား)။

## ဝမ်းမသာဘူး ဝမ်းနည်းမိတယ်

ဝိပဿနာအလုပ် မလုပ်တော့ ဘုန်းကြီးတို့က ဝမ်းမသာ ပြန်ဘူး . . . (မှန်ပါ့ဘုရား) ဝမ်းမသာတာက ဘာဖြစ်လို့တုံးဆို လို့ရှိရင်ဖြင့်တဲ့၊ အဟောင်းတွေ ခံစားပြီးသကာလ အသစ်သွားရာ လမ်းခရီးကြီးကို အဖြောင့် မလုပ်ထားမိတဲ့အတွက် အကောက် လုပ်နေတယ်လို့ဆိုပြီး ဝမ်းနည်းမိတယ် . . . (မှန်ပါ့ဘုရား) သဘောကျပလား . . . (ကျပါပြီဘုရား)။

ဩော် . . . ဒါအဟောင်းတွေကတော့ အင်မတန် ကောင်းပြီးသကာလ လာငြားသော်လည်း အသစ်တွေသွား ရမည့် လမ်းခရီးက လမ်းကောက်ကြီးသာ လုပ်နေကြတယ်၊ လမ်းဖြောင့်ဆိုတဲ့ "ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ" ဆိုတဲ့ ဝိပဿနာမဂ်, လောကုတ္တရာမဂ်လမ်းကြီးကို ဒကာ ဒကာမတွေ မစီစဉ်ကြ, မလုပ်ကိုင်ကြတော့ ဩော် . . . သူတို့သည် အဟောင်းသာခံစားနေကြတယ်၊ အသစ်လမ်းမမြင်ကြပါလား ဆိုပြီးသကာလ ဘုန်းကြီးများက ဒကာ ဒကာမတွေ လိုတာ ဖြည့်ပေးနေတယ် ဆိုတာကိုပဲ ကျေနပ်ကြရဲ့လား . . . (ကျေနပ် ပါတယ်ဘုရား) လိုတာ ဖြည့်ပေးနေပါတယ် ဒကာ ဒကာမတို့ . . . (မှန်ပါ့)။

အဲဒီတော့ တို့ ဘာလိုနေပါလိမ့်မတုံးဆိုတော့ခန္ဓာဉာဏ် ရောက်တဲ့အလုပ်လိုနေတယ် . . . (မှန်လှပါဘုရား) ဘာလို နေပါလိမ့် . . . (ခန္ဓာဉာဏ်ရောက်တဲ့အလုပ် လိုပါတယ်ဘုရား)

ခန္ဓာဉာဏ်ရောက်တဲ့အလုပ် လိုနေပါတယ်ဆိုတာ ရိပ်မိပလား . . . (မှန်ပါ့)။

## ခန္ဓာပေါ်၌ ဝိပဿနာရှုကြ

ဒါကြောင့် ဘုရားက . . . **ဈာယထ** - ခန္ဓာပေါ်၌ ဝိပဿနာရှုကြ၊ **မာပမာဒတ္ထ** - မေ့လျော့ပေါ့ဆ၍ မနေလိုက်ပါနဲ့ကွ၊ **ပစ္ဆာ** = သေရာညောင်စောင်း လျောင်းစက်တဲ့အခါကာလကျမှ၊ **ဝိပ္ပဋိသာရိနော** = ငြော် = ငါဖြင့် အမှားကြီးမှားခဲ့ပြီဟု နှလုံးမသာယာခြင်း၊ မျက်ရည်ကျခြင်းရှိကုန်သည်။ **မာ့အဟုဝတ္ထ**=မဖြစ်ကြကုန်လင့်လို့ ဟောတော်မူတယ်နော် . . . (မှန်ပါ့)။

ဝိပဿနာရှုထားတော့ မဖြစ်တော့ဘူးတဲ့ . . . (မှန်ပါ့) မျက်ရည်ကျခြင်း၊ နှလုံးမသာယာခြင်း၊ ဒါတွေ မလာတော့ဘူးတဲ့ ဒကာ ဒကာမတို့ . . . (မှန်ပါ့) ကိုယ်သွားရာ လမ်းခရီးအဖြောင့်ကြီး ဖြောင့်ပြီးသကာလ ပြုံးများတောင် သေလိုက်သေးတယ် . . . (မှန်ပါ့ဘုရား)။

ပြုံးများတောင် သေခါနီး ဒကာ ဒကာမတို့ ပြုံးများတောင် သေလိုက်သေးတယ်လို့ တစ်နေ့ကလည်း ပြောခဲ့တယ် မဟုတ်လား . . . (မှန်ပါ့ဘုရား)။

## ပြုံးပြီးသေရတယ်

ဒါ အလုပ်, လုပ်ထားတဲ့ ပုဂ္ဂိုလ်မို့ ပြုံးပြီးသကာလ သေရတယ်ဆိုတာ သူ့နိမိတ်ကလည်း တယ်ကောင်းတယ် . . . (မှန်လှပါဘုရား) သူ့နိမိတ်က သူ့ရထားစီးပါ, ငါ့ရထားစီးပါနဲ့ ကောင်းကင်က လာခေါ်နေကြတယ်။

တစ်နည်းအားဖြင့်လည်း မဂ်လေးတန် ဆိုက်သွားလို့ရှိရင်လည်း နိဗ္ဗာန်ကြီးကို မြင်နိုင်တဲ့စွမ်းရည်သတ္တိက ရှိပြီးသားဖြစ်သောကြောင့် နဂိုကမြင်ထားတဲ့ နိဗ္ဗာန်ကိုပဲ ကိုယ်ကသွားရမှာဖြစ်နေတော့ အင်း. . . ခန္ဓာဝန်ကြီးကျတာ ဝဋ်ကျွတ်ပေပေါ့ဆိုပြီး ခုနင်က သေခါနီး ဝမ်းများတောင် သာလိုက်သေးတယ် . . . ဦးခင်မောင်ရေ . . . (မှန်လှပါဘုရား)။

## ဝိပဿနာရှုကြ မေ့မနေကြနဲ့

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဝိပဿနာအလုပ် မည်မျှလောက် အရေးကြီးတယ်ဆိုတာဖြင့် ကနေ့စ,ပြီး တရားပြောလိုက်ကတည်းကိုက ဩော်. . . မလုပ် မဖြစ်တဲ့အထဲ ဝိပဿနာအလုပ်ဟာ အပါအဝင်ကြီးပါကလားဆိုတာ သဘောကျပလား . . . (ကျပါပြီဘုရား)။

သာမညမှာတာလား, တစ်ထောင့်ခုနစ်ရာ့ ကိုးဆယ်နဲ့ နှစ်ကြိမ်တောင် မှာတာလားဆိုတာလည်း စဉ်းစားကြည့်ပါဦး. . . (တစ်ထောင့်ခုနစ်ရာ့ကိုးဆယ့်နှစ်ကြိမ် မှာတာပါဘုရား)။

ဝိပဿနာရှုကြဟော့ . . . မေ့မနေကြနဲ့ကွ သားရေး၊ သမီးရေး၊ စီးပွားရေးတွေကြောင့် မအားလို့ဆိုပြီး သကာလ မင်းတို့ မနေလိုက်ကြပါနဲ့၊ မင်းတို့တွေ့ရမည့်လမ်းကြီးက ဒီသားရေး၊ သမီးရေး၊ စီးပွားရေးနဲ့သာ အချိန်ကုန်ပြီးသကာလ နေကြတော့ မယ်ဆိုလို့ရှိရင်ဖြင့်တဲ့၊ ငါဘုရားစကားနားမထောင်တဲ့အတွက် သေခါနီးမျက်ရည်ကြီးငယ်ကျရလိမ့်မကွ . . . (မှန်လှပါ)

## အမြင်အကျယ်ဆုံးပုဂ္ဂိုလ်ကပြောတာ

ဦးခင်မောင် ဘယ်လောက်ကြောက်စရာကောင်းသလဲ . . . (ကြောက်စရာ ကောင်းပါတယ်ဘုရား) အင်မတန် အမြင်ကျယ်တဲ့ ပုဂ္ဂိုလ်ကြီးက ပြောတယ်ဆိုတာလည်း မောင်ထွန်းလှိုင်တို့ ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

သာမညပုဂ္ဂိုလ်က ပြောတာလား၊ အမြင်အကျယ်ဆုံး ပုဂ္ဂိုလ်က ပြောတာလား . . . (အမြင်အကျယ်ဆုံးပုဂ္ဂိုလ်က ပြောတာပါဘုရား)။

အမြင်အကျယ်ဆုံးပုဂ္ဂိုလ်က ပြောတာဖြစ်နေတော့ ကျုပ်တို့က မေ့ပေ့ါကလေးနားထောင်ပြီးသကာလ အို၊ သူများတွေလည်း ဒီလိုနေကြတာပဲ၊ ကိုယ်လည်း ဒီလိုနေတာပဲဆိုပြီး ဒီဆင်ခြေတွေမလဲလိုက်ပါနဲ့ ကိုယ့်ကိုယ်ကိုယ် သနားလိုက်ပါ . . . (မှန်လှပါဘုရား)။

ကိုယ့်ကိုယ်ကိုယ်သနားပြီး၊ ကဲ . . . ငါဖြင့် အရယူပါ တော့မယ်၊ ဘုရားကအရေးတကြီးပြောတာ အရေးကြီးအောင် လည်း ဂရုစိုက်ပါတော့မယ်ဆိုတဲ့ စိတ်ကလေး ယနေ့ကစပြီး မွေး လိုက်စမ်းပါနော် . . . (မှန်လှပါဘုရား)။

ဘုရားက အရေးကြီးတယ်ဆိုလို့ရှိရင်ဖြင့် ငါသည် အရေး ကြီးတဲ့ ဒီအလုပ်ကြီးကို လုပ်ပါတော့မယ်ဆိုတဲ့ စိတ်ကိုဖြင့် မွေး ဖြစ်အောင် မွေးပါဆိုတာ ဒကာ ဒကာမတွေအား တိုက်တွန်းရ ပြန်တယ် . . . (မှန်ပါ့ဘုရား)။

## အလွန်အလွန်ဂရုဏာပိုလွန်းလို့

ဘာ့ကြောင့်တုံးဆိုတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး သည်ကားလို့ဆိုလို့ရှိရင် ခဏ ခဏ ဒကာ ဒကာမတွေ ပြော တယ်၊ ဒကာ ဒကာမတို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးဟာ ၄၅, ဝါတည်း တရားဟောရတယ်၊ သူများဘုရားတွေလိုလည်း သောင်းတမ်း, သိန်းတမ်း, ပွင့်တာမဟုတ်တော့ ကပ္ပာကယာ ပြောရတော့ စကားတောင် နှစ်ခွန်းမပြောတဲ့ ကိုယ်တော်ကြီး ဦးခင်မောင်ရေ . . . (မှန်လှပါဘုရား)။

အဲဒီနှစ်ခွန်းမပြောတဲ့ ကိုယ်တော်ကြီးဟာ တစ်ထောင့် ခုနစ်ရာ့ ကိုးဆယ့်နှစ်ကြိမ်တိုင်တိုင် မောင်ထွန်းလှိုင် မှာတော်မူ တယ်ဆိုတော့ သာမည အရေးကြီးလို့လား အလွန့်အလွန်

ကရုဏာပိုလို့လားဆိုတာ စဉ်းစားကြပါတော့ . . . (ကရုဏာပိုလို့ပါဘုရား)။

အလွန့်အလွန် ကရုဏာပိုလွန်းလို့ ဩော် . . . အလွန့်အလွန်လည်း အရေးကြီးလွန်းလို့ သည်အရေးသည်ကားလို့ဆိုရင် ဒကာ ဒကာမတွေ ထပ်မပြောလို့ရှိရင်ဖြင့် အမေ့ကြီးမေ့ပြီးသကာလ အိပ်ရာသေရာ ညောင်စောင်းပေါ်မှာ မျက်ရည်ကြီးငယ်ကျပြီးသကာလ အပါယ်လေးပါးလည်း လွတ်မှာမဟုတ်ဘဲနဲ့ သွားရရှာတော့မယ်ဆိုတာ ကိုယ်တော်မြတ်ကြီးသည် အင်မတန်သနားတော်မူတယ် . . . (မှန်လှပါဘုရား) သနားတော်မူတယ်ဆိုတာ ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

## မလုပ်မဖြစ်တဲ့ အလုပ်သည်ဝိပဿနာ

ဒါဖြင့် ဒကာဝရေ . . . ဘယ်အလုပ်ဟာ မလုပ်မဖြစ်တဲ့ အလုပ်ပါလိမ့် . . . (ဝိပဿနာအလုပ်ဟာ မလုပ်မဖြစ်တဲ့ အလုပ်ပါဘုရား) နောက်က ဒကာ ဒကာမတွေ ဘယ်အလုပ်ပါလိမ့် . . . (ဝိပဿနာအလုပ်ပါဘုရား)။

မလုပ်မဖြစ်ဘူးဆိုတာ ခင်ဗျားတို့ ဆရာဘုန်းကြီးကလည်း အရင်းအချာတွေထားပြီးသကာလ ပြောကြားနေတာကလည်းတစ်ကြောင်း၊ ဘုရားကလည်း တစ်ထောင့်ခုနစ်ရာ့ကိုးဆယ်နှစ်ကြိမ်တိုင်တိုင် မလုပ်ရင်မဖြစ်ဘူးကွ၊ ဒီအလုပ်မှပဲ

နေရာကျမယ်ကွ ဆိုတဲ့ ဥစ္စာ မှာတော်မူတာကလည်း တစ်ကြောင်း ဖြစ်သောကြောင့် ငါတို့ သာမညတရားနာရုံကလေး၊ ဒီတရားအတိုင်း လိုက်နာဖို့အလုပ်ကို ငါလုပ်ဦးမှပဲဆိုတာ မပါတဲ့ နဲ့ဖြင့် မတော်ကြဘူးပေါ့ဗျာ . . . (မှန်ပါ့)။

တရားနာတာ ကုသိုလ်ရတာမှန်ပါတယ် ဒကာ ဒကာမ တို့နော် . . . (မှန်ပါ့) မှန်ပင်မှန်ငြားသော်လည်း ကုသိုလ်ရရုံ ကလေးနဲ့ မတင်းတိမ်ဘဲနဲ့ တစ်ခါတည်း ခန္ဓာဇာတ်သိမ်းငြိမ်းရာ ဖြစ်တဲ့ နိဗ္ဗာန်ကြီးကို အရောက်သွားလိုက်လို့ရှိရင် ကောင်းလိမ့် မယ်ဆိုတာ မှတ်ထားကြပါနော် . . . (မှန်ပါ့)။

ခန္ဓာဇာတ်သိမ်း ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကို မရောက်သေး သရွေ့ ကာလပတ်လုံး ဒကာ ဒကာမတို့ အိုပွဲ၊ နာပွဲ၊ သေပွဲဟာ ကျုပ်တို့ ဆင်းရဲမည့် ပွဲချည်းပဲဆိုတာ ဦးခင်မောင် ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

## ခန္ဓာရှိနေရင် ကိုယ်တိုင်ဖြစ်ရမှာ

ခန္ဓာရှိနေရင် ဘယ်နေရာ အိုပြီတဲ့၊ ဘယ်နေရာ နာပြီတဲ့၊ ဘယ်နေရာ သေပြီတဲ့ဆိုတဲ့ အသွားတွေက ကြားရတော့မယ်. . (မှန်ပါ့ဘုရား)။

သူများကြားရတာ မကြားရတာက ဒကာ ဒကာမတွေ အရေးမကြီးပါဘူး၊ ကိုယ်တွေ့ဖြစ်ရမှာသာ ဝမ်းနည်းစရာ သိပ် ကောင်းတယ် . . . (မှန်ပါ့ဘုရား)။

သူများကြားတာ မကြားတာကတော့ ဩော် . . . ဖြစ်မှ ဖြစ်ရလေတယ်၊ ကျုပ်ဖြင့် ဒီလိုဖြစ်လိမ့်မယ်လို့မထင်ဘူး၊ ဒါဘာမှ မဆိုင်ဘူး ဒကာ ဒကာမတွေ လောကွတ်တွေကို ဂရုစိုက်မနေနဲ့ ကိုယ်ကိုယ်တိုင်ခံရမည့်ဒုက္ခကြီး၊ ကိုယ်ကိုယ်တိုင်ဉာဏ်နဲ့ ဇာတ်သိမ်းပါဆိုတာသာအရေးကြီးပါတယ် . . . (မှန်ပါ့ဘုရား)။

ကိုယ်ကိုယ်တိုင်ခံရမည့် ဒုက္ခကြီးကို . . . (ကိုယ်ကိုယ်တိုင် ဇာတ်သိမ်းဖို့ အရေးကြီးပါတယ်ဘုရား) ကိုယ်ကိုယ်တိုင် ဉာဏ်နဲ့ ဇာတ်သိမ်းရမည့်အလုပ်သာလျှင် ဒကာ ဒကာမတို့ အရေးကြီး တယ်ဆိုတာ မှတ်စမ်းပါနော် . . . (မှန်လှပါဘုရား)။

အဲဒီတော့ ဒီနေရာမှာ ဘာဉာဏ်တုံးဆိုလို့ရှိရင် ဝိပဿနာဉာဏ်, မဂ်ဉာဏ်ကို ဆိုပါတယ် . . . (မှန်ပါ့ဘုရား)။

## အကြီးဆုံး ဆုံးမတာ

အဲဒါသည်ကားလို့ ဆိုလို့ရှိရင်ကွာတဲ့ သေရာ ညောင်စောင်း လျောင်းစက်တဲ့အခါကျတော့မှ မျက်ရည်ကြီးငယ် ကျပြီး . . . နှလုံးမသာယာခြင်း ရှိကုန်သည်။ **မာအဟုဝတ္ထ-** မဖြစ်ကြကုန်လင့်။ **အယံ** = ဤ ဆိုအပ်သောစကားသည်၊ **ဝေါတုမှာကံ** = သင်ချစ်သား၊ ဒို့အား။ **အမှာကံ** = ငါဘုရားတို့၏။ အနုသာသနီ၊ အကြီးအကျယ်ဆုံးဖြစ်တဲ့ အဆုံးအမပါပဲ။

မင်းတို့ကို အကြီးဆုံး ဆုံးမတာပေါ့နော် ပေ့ါပေ့ါနားနဲ့ မထောင်လိုက်ပါနဲ့ . . . (မှန်ပါ့ဘုရား)။

ဦးဝ ဘာတဲ့တုံး . . . (ပေါ့ပေါ့နားနဲ့ မထောင်လိုက်ပါနဲ့) ပေါ့ပေါ့နားနဲ့ မထောင်လိုက်ပါနဲ့ဆိုတော့ ဒကာ ဒကာမတွေ အလွန်ကိုပဲ အရေးကြီးနေပေါ့ဆိုတော့ မှတ်ရပါလိမ့်မယ်နော် . . . (မှန်ပါ့)။

အဲဒီတော့ ဒကာ ဒကာမတွေကလည်း ဘုန်းကြီးက အရင်းအချာတွေ ဖြစ်ပြီးသကာလနေတော့ ပြော်. . . ဒီဒကာ ဒကာမတွေ သူတို့ကတော့ဖြင့် မသိရှာဘူး အရေးကြီးတဲ့ အလုပ်မှာ သူတို့ကိုယ်ပိုင်က မရှိသေးပါကလားဆိုတာကို သိရလိမ့်မယ်နော် . . . (မှန်ပါ့)။

အရေးကြီးတဲ့အလုပ် ကိုယ်ပိုင်မရှိသေးသရွေ့ ကာလ ပတ်လုံး လူချင်းသာဖုံးလို့ရတယ်၊ သေခါနီး ဖုံးလို့ရပါ့မလား. . . (မရပါဘုရား)။

ဦးခင်မောင်ရေ လူချင်းတော့ဖြင့် ကျုပ်လည်း ပုတီးလည်း စိပ်ပါတယ်၊ ညလည်း ထိုက်တန်သလောက်လည်း တရားနှလုံး သွင်းပါတယ်ဆိုတာ လူချင်းပြော့ခံတဲ့ စကားတွေပါ . . (မှန်ပါ့ ဘုရား) ကိုယ်ကိုယ်တိုင် အဖြစ်အပျက်မြင်ပြီးသကာလ ဒုက္ခခန္ဓာကိုယ်၏ အဖြစ်အပျက်တွေမြင်ပြီး ခန္ဓာကိုယ်၏ အဖြစ်အပျက်တွေ မုန်းလို့ ခန္ဓာကိုယ်ကြီးဖြင့် ဉာဏ်ထဲမှာပဲ ဘုံးသွားတဲ့ အခြေအနေရောက် အောင် ငါအလုပ်ကိုလုပ်လိုက်မှသာလျှင် ဟာ . . . ငါဖြင့် မျက်ရည်ကြီးငယ်ကျစရာ ဇာတ်သိမ်းပေါ့ဟာလို့ ဝမ်းသာစရာပေါ့ဗျာ . . . (မှန်လှပါဘုရား)။

## ခန္ဓာကြီးဟာ ဒုက္ခသစ္စာ

ဒါကြောင့် ဒီအလုပ်ကို ကိုယ့်ခန္ဓာကိုယ်၏ အဖြစ်အပျက်ကိုလည်း နေ့စဉ်နဲ့အမျှ မုန်းအောင်လုပ်၊ ဒီခန္ဓာကြီးဟာ ဒုက္ခသစ္စာ အစစ်ပဲဆိုပြီး ဆုံးဖြတ်ချက်ချလိုက်ရလို့ရှိရင်ဖြင့် ခန္ဓာကိုယ် ဒုက္ခသစ္စာ ချုပ်ငြိမ်းသွားလိမ့်မယ် . . . (မှန်ပါ့ဘုရား)။

ချုပ်ငြိမ်းသွားလို့ရှိရင်ဖြင့် **"ဒုက္ခဿ အန္တံ ကရိဿတိ"** ဆိုတဲ့အတိုင်း **ဒုက္ခဿ**=ဒုက္ခ၏၊ **အန္တံ** = အဆုံးဖြစ်တဲ့ နိဗ္ဗာန်ကို၊ **ကရိဿတိ**=သစ္ဆိကရိဿတိ=မျက်မှောက်ပြုနိုင်လတ္တံ့၊ သံယုတ် ပါဠိတော် အရဏဝတီသုတ်မှာ သေသေချာချာဟောထားတယ်၊ ဒုက္ခဆုံးတဲ့နိဗ္ဗာန်ကိုမြင်အောင် လုပ်ထားလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ သေရာညောင်စောင်းလျောင်းစက်တဲ့အခါမှာ မျက်ရည်ကြီးငယ်မကျဘဲနဲ့ပြုံးများတောင်နေလိုက်ရသေးတယ်ဆို တာလည်း ရှိပါသေးတယ်နော် . . . (မှန်ပါ့)။

## ပြုံးသေအလုပ်ကို လုပ်ကြစမ်းပါ

ဒါ့ကြောင့် ဒကာ ဒကာမတွေ ပြုံးသေ အလုပ်ကိုဖြင့် ကိုယ့်အရေးဖြစ်သောကြောင့် လုပ်ကြစမ်းပါ၊ မဲ့သေအလုပ်ကဖြင့် ဆိုးရွားလွန်းလို့ဆိုတာလည်း ဒကာဝ ရိပ်မိပလား . . . (ရိပ်မိပါ ပြီဘုရား) အားလုံး ဒကာ ဒကာမတွေ ရိပ်မိကြရဲ့လား . . . (ရိပ်မိပါတယ်ဘုရား)။

ကိုင်း . . . ဘယ်လိုလုပ်မှသာလျှင် ဒီအပြုံးသေအလုပ်ကြီးနဲ့တို့သည်ကားလို့ဆိုလို့ရှိရင်ဖြင့် ဝိပဿနာအလုပ်, လုပ်ကြရလိမ့်မယ် . . . (မှန်ပါ့)။

မလုပ်တတ်လို့ရှိရင်ဖြင့် ဘုန်းကြီးများက မသိ, သိအောင်ပြောမည့်နည်းတွေ ဧကန်ရှိပါတယ် . . . (မှန်ပါ့) ခင်ဗျားတို့ကသာ သားရေး, သမီးရေး, စီးပွားရေးကြောင့် ဆင်ခြေတွေမလဲလိုက်ပါနဲ့ဆိုတာကိုသာ ဦးခင်မောင် ပြောရတယ်. . . (မှန်လှပါဘုရား)။

ခင်ဗျားတို့ လဲတဲ့ဆင်ခြေတွေဟာ ခင်ဗျားတို့နစ်နာဖို့သာမှတ်ပါ . . . (မှန်ပါ့ဘုရား) သဘောကျပလား . . . (ကျပါပြီ) ခင်ဗျားတို့လဲတဲ့ဆင်ခြေဟာ. . . (တပည့်တော်တို့နစ်နာဖို့ပါဘုရား)။

ခင်ဗျားတို့ လဲတဲ့ဆင်ခြေဟာ ဘာတုံးလို့မေးတဲ့အခါကျတော့ တပည့်တော်တို့ မအားလို့ပါဘုရား့၊ စိတ်ထဲကတော့ ဒီအလုပ် လုပ်မယ်လို့ ရည်ရွယ်ချက်ရှိပါတယ်ဆိုတော့ မအားလို့မလုပ်ပါဘူး၊ မအားတာ ဘာမအားတာတုံးဆိုတော့ အို. . . ငွေရှာရတဲ့အလုပ်ကြောင့် မအားဘူး၊ သားသမီး ထိန်းကျောင်းရတဲ့ အလုပ်ကြောင့် . . . (မအားပါဘုရား)။

ငွေရှာတယ်ဆိုတာလည်း လောဘထိန်းတဲ့အလုပ် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီ) ငွေရှာတာဆိုတာဘာပါလိမ့် . . . (လောဘထိန်းတဲ့အလုပ်ပါဘုရား) သားရေး, သမီးရေး, စီးပွားရေးကြောင့် မအားတယ်ဆိုတာ သူတို့ ခင်မှု, မင်မှုဆိုတဲ့လောဘအလုပ် . . . (မှန်ပါ့)။

## အကုသိုလ်နဲ့ အချိန်ကုန်နေတယ်

ဒါဖြင့် ဝ ကျွာခိုင်းလို့ အချိန်ကုန်နေတာ၊ ဝိပဿနာဉာဏ်ပါသေးရဲ့လား . . . (မပါ, ပါဘုရား) ဒါဖြင့် အကုသိုလ်နဲ့ အချိန်ကုန်နေတယ်ဆိုရင် လွဲပါ့မလား . . . (မလွဲပါဘုရား)။

အဲဒါ ခင်ဗျားတို့ဆင်ခြေလဲတာသည် သေခါနီးမျက်ရည်ကျဖို့လဲတာ . . . (မှန်ပါ့ဘုရား) ဘယ်လိုဆုံးဖြတ်ချက်ချမလဲ. . (တပည့်တော်တို့ ဆင်ခြေလဲတာ သေခါနီး မျက်ရည်ကျဖို့ပါဘုရား) ဒါဖြင့် . . . ကိုယ့်ဆင်ခြေက ဒကာ ဒကာမတို့ ဖုံးလို့ ဖိလို့ လုံတာလား . . . ကိုယ်ကိုယ်တိုင် အရှက်တကွဲအကျိုးနည်းဖြစ်ရမှာလား . . . (ကိုယ်ကိုယ်တိုင် အရှက်တကွဲ အကျိုးနည်းဖြစ်ရမှာပါဘုရား)။

ကိုယ်ကိုယ်တိုင် အရှက်တကွဲအကျိုးနည်းဖြစ်ရမှာဖြစ်နေတော့ ဦးခင်မောင်ကြီးလည်း ကြီးကြပြီနော် . . . (မှန်လှပါ) အားကိုးရာ အစစ်ကလေး ကိုယ်ပိုင်ကလေးရထားရင် မကောင်းလားဗျာ . . . (ကောင်းပါတယ်ဘုရား)။

အဲဒါကြောင့် ဒီနေ့ အားကိုးရာအစစ် ကိုယ်ပိုင် တွေ့ရအောင်ဒီနေ့ ဒကာ ဒကာမတွေကို. . . တဲ့၊ အလုပ်တရားကိုပဲ မနေ့ကအတိုင်း ဆက်ပြီး သကာလ ပြရတော့မယ် နော်. . . (မှန်ပါ့)။

ကောင်းပြီ ... ဒကာ ဒကာမတို့ လူမိုက်နဲ့လူလိမ္မာ ဘာထူးသတုံးမေးတဲ့အခါ လူမိုက်က ဦးခင်မောင်ရေ သံသရာ ဆက်တယ် ... (မှန်လှပါ) လူလိမ္မာက ... (သံသရာပြတ်ပါ တယ်ဘုရား)။

လူမိုက်နဲ့လူလိမ္မာ ဘာထူးပါလိမ့် ... လူမိုက်က ... (သံသရာဆက်ပါတယ်) လူလိမ္မာက ... (သံသရာပြတ်ပါ တယ်) လူလိမ္မာက သံသရာပြတ်တယ်နော် ... (မှန်ပါ့)။

ကိုင်း... ဒါဖြင့် လက်တွေ့ကလေး ကြည့်တာပေါ့ဗျာ၊ ဒီဘက်က အဝိဇ္ဇာ၊ သစ္စာလေးပါးမသိတဲ့ အဝိဇ္ဇာနော်... (မှန်ပါ) ဒီဘက်က ဘာပါလိမ့် တဏှာ ... (မှန်ပါ့)။

## အဝိဇ္ဇာတဏှာက တည်ထောင်လိုက်တာ

ဩော်... ဒါဖြင့် အတိတ်ဘဝက အဝိဇ္ဇာ အဏှာ ကြောင့် ဒီဘဝမှာ ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ အဝိဇ္ဇာ တဏှာ တည်ထောင်လိုက်တာ ခန္ဓာငါးပါးကြီး လှလှကြီးရတယ်၊ ခန္ဓာငါးပါး ပေါ်မလာဘူးလား ... (ပေါ်လာပါတယ်ဘုရား) အင်း ... ဘယ်သူများ တည်ထောင်လိုက်ပါလိမ့် ... (အဝိဇ္ဇာတဏှာတည်ထောင်ပါတယ်ဘုရား)။

အဝိဇ္ဇာတဏှာတည်ထောင်ရင် အဝိဇ္ဇာက မသိ၊ တဏှာ က လူ့ဘဝရ, ရပါလို၏လို့ ဆုတောင်းလိုက်တဲ့ အခါကျတော့

ကုသိုလ်ကံကလည်း ပုညာဘိသင်္ခါရကလည်း အကူအညီ ပေးလိုက်တဲ့ အခါကျတော့ ကြည့်စမ်း ဒကာ ဒကာမတို့ အခု တရားနာနေကြတာ ခန္ဓာငါးပါးတွေ အကုန်ဖြစ်နေတယ်. . . (မှန်ပါ့) အခု တရားနာကြတာတွေ ဘယ်သူတွေပါလိမ့်. . . (ခန္ဓာငါးပါးတွေပါဘုရား)။

## ခန္ဓာငါးပါးဘယ်ကများလာကြပါလိမ့်

ဩော်. . . ခန္ဓာငါးပါးတွေနော် . . . (မှန်ပါ့) ဘယ်ကများ လာကြပါလိမ့် ဒီဒကာ ဒကာမတွေ ဒီလောက်များတာ ဘယ်ကများ နေပြီးသကာလ လာကြလို့ လူပြည် ဒီလောက်များ နေပါလိမ့်မတုံး . . . မေးတဲ့အခါကျတော့မှလာကြောင်းကို ယခုရှေ့က နှစ်ခုပြထားတယ်. . . (မှန်ပါ့) အဝိဇ္ဇာ သင်္ခါရကြောင့် . . . (မှန်လှပါဘုရား) ဘယ်လိုမှတ်ကြမယ် . . . (အဝိဇ္ဇာသင်္ခါရကြောင့်ပါဘုရား)။

**"အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ"** ဆိုတဲ့အတိုင်း ခန္ဓာငါးပါး **ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ,** ဝေဒနာကို တစ်ပေါင်းတည်း ပြလိုက်ပါတယ်. . . (မှန်လှပါ) ရှင်းပလား . . . (ရှင်းပါပြီ) **ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ,** ဝေဒနာဖြစ်တာ တစ်ပေါင်းတည်း ဦးခင်မောင်ရေ့ . . . (မှန်လှပါ)။

## သုတ္တန်နည်းမို့သိတန်းပြတာ

ပဋိစ္စသမုပ္ပါဒ်မို့ သုတ္တန်နည်းမို့ သိတန်းပြီးသကာလ ပန်းသီသလိုပြတာပါ . . . (မှန်ပါ့) ဖြစ်စဉ်ကတော့ ပေါင်းဖြစ်တာပါ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

စာဆိုမှာ တန်းငြားသော်လည်း ကျုပ်တို့ အမိဝမ်းခေါင်းထဲ ဖျတ်ခနဲ ရောက်တော့ ငါးပါးလာရောက်တယ် . . . (မှန်လှပါဘုရား) ရှင်းပလား . . . (ရှင်းပါပြီ) စာဆိုကတော့ တန်းမပြဘူးလား . . . (ပြပါတယ်ဘုရား)။

သင်္ခါရပစ္စယာ ဝိညာဏံ, မှာ ဝိညာဏ်ကအရင်ဖြစ်ရတယ်၊ ဝိညာဏ်ဖြစ်ပြီးမှ နာမ်ရုပ်ဖြစ်ရတော့မလိုလို၊ နာမ်ရုပ်ပြီးမှ သဠာယတန၊ သဠာယတနပြီးမှ ဖဿ၊ ဖဿပြီးမှ ဝေဒနာတို့ ဒီလို ငါးခါလောက် ဖြစ်ရတော့မလို ဖြစ်နေတယ် . . . (မှန်လှပါ)။

## ခန္ဓာငါးပါးတစ်ပေါင်းတည်းပေါ်တာ

သုတ္တန်နည်းမို့ စာမို့ တန်းပြီးပြလိုက်တာလို့ မှတ်ပါ. . . (မှန်လှပါ) ဖြစ်စဉ်ကတော့ ဘွားခနဲ ခန္ဓာငါးပါး အမိဝမ်းခေါင်းထဲ ပေါ်လာတယ် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီ) ဖြစ်စဉ်အားဖြင့်တော့. . . (ခန္ဓာငါးပါးတစ်ပြိုင်နက်ပေါ်ပါတယ်ဘုရား)။

ဘွားခနဲ ခန္ဓာငါးပါး တစ်ပေါင်းတည်းပေါ်တာ၊ ပဋိစ္စဝေါကာရ, ဘုံလို့ဆိုတာ ဦးခင်မောင်တို့လည်း ကြားဖူးပါလိမ့်မယ် . . . (မှန်လှပါဘုရား)။

ပဋ္ဌဝေါကာရဆိုတာ ခန္ဓာငါးပါးပေါင်းစုပြီးသကာလ ဦးဝတို့ မောင်ထွန်းလှိုင်တို့ဖြစ်တယ်ဆိုတာ မသေချာဘူးလား. . (သေချာပါတယ်ဘုရား)။

အဲဒီတော့ ပဋိသန္ဓေကတည်းက ဒီခန္ဓာငါးပါးကြီးဖြစ်လိုက်, ပျက်လိုက်, ဖြစ်လိုက်, ပျက်လိုက်နဲ့ လာခဲ့တာ ယခုတရားနာတဲ့အချိန်မှာလည်း ဒီခန္ဓာငါးပါးပဲရှိပါတယ်. . . (မှန်ပါ့)။

အခု တရားနာနေကြတာ ဘယ်သူတွေပါလိမ့် . . . (ခန္ဓာငါးပါးဘုရား) ဩော် . . . ယောကျ်ားတွေ, မိန်းမတွေမပါ, ပါဘူးနော် . . . (မှန်ပါ့) နဂိုလုပ်တုန်းကမှ မပါခဲ့ဘဲကိုး ဒကာဒကာမတွေ ယခုမှ ပါချင်လို့မဖြစ်ပါဘူးနော် . . . (မှန်ပါ့ဘုရား)။

## ခန္ဓာငါးပါးနဲ့တရားနာနေတာ

သမုတိသစ္စာအားဖြင့်တော့ ထားလိုက်တာပေါ့ဗျာ၊ ပရမတ္ထသစ္စာအားဖြင့် ခန္ဓာငါးပါးပဲ, အဝိဇ္ဇာသင်္ခါရကလုပ်လိုက်တဲ့အတွက် ဦးဝ,ယခုလည်း ခန္ဓာငါးပါးပဲရှိမှာပဲ. . . (မှန်ပါ့) ဒကာဒကာမတို့ ယခုလည်းဘာပါလိမ့် . . . (ခန္ဓာငါးပါးပါပဲဘုရား)။

ခန္ဓာငါးပါးပဲ ရှိတယ်ဆိုတာ ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာလို့ဆိုတဲ့ ခန္ဓာငါးပါးနဲ့ တရားနာပြီးသကာလ လာနေကြတယ်နော် . . . (မှန်ပါ့)။

ပဋိသန္ဓေနေတုန်းကလည်း ဒီငါးပါးနဲ့ နေခဲ့ရတယ်၊ ယခုအခါလည်း ဒီငါးပါးရှိနေသေးတယ်. . . (မှန်ပါ့)။

ဒီငါးပါးပဲ ဖြစ်လိုက်, ပျက်လိုက်၊ ဖြစ်လိုက်, ပျက်လိုက်နဲ့ ယခုအချိန် ကျလာအောင်ပဲ ငါးပါးပဲ၊ ငါးပါးပျက်လို့ ငါးပါး အစားထိုးထားတယ်ဆိုတာလည်း ဦးခင်မောင်သိလောက်ပါပြီ. . . (မှန်ပါ့)။

## အစားထိုးငါးပါးနဲ့နေတယ်

ပဋိသန္ဓေနေတုန်းကငါးပါးတွေတော့ သေကုန်ခဲ့ပြီကော၊ မရှိခဲ့ဘူး . . . (မှန်ပါ့) အခု ငါးပါးက ဘာတုံးဆိုတော့ ဒီအဝိဇ္ဇာ သင်္ခါရတွေက ပြန်ပြီးတော့ ဘာလုပ်သတုံး . . . (အစားထိုးပါတယ်ဘုရား) အစားထိုးငါးပါးနဲ့ ကျုပ်တို့နေတယ်. . . (မှန်ပါ့)။

ဒကာ ဒကာမတွေ ဘယ်လိုဆိုကြပါ့မယ်. . (အစားထိုးငါးပါးနဲ့နေရပါတယ်ဘုရား) အစားထိုးငါးပါးနဲ့ နေရတယ်ဆိုတာ သေချာပလား . . . (သေချာပါပြီဘုရား)။

အေး-အစားထိုးငါးပါးနဲ့နေရပြန်တယ်ဆိုတော့ အစားထိုးထားတဲ့ငါးပါး၊ ဖြစ်ပေါ်မှုငါးပါးရှိတော့ ဒီလိုစဉ်းစားလိုက်လို့ရှိရင် ကံ, စိတ်, ဥတု, အာဟာရဆိုတာက သူ့ကိုအစားထိုးထားတာပေါ့ဗျာ . . . (မှန်ပါ့) သဘောပါကြပလား . . . (ပါ, ပါပြီ)။

ဒါဖြင့်ကံ, စိတ်, ဥတု, အာဟာရတို့ကလည်း အစားထိုး၊ အဝိဇ္ဇာသင်္ခါရတို့ကလည်းဖြစ်စေဆိုတော့ ယခု တရားနာနေကြတာတွေ ဒကာတွေလား . . . ဒကာမတွေလား-ခန္ဓာ

ငါးပါးတွေလားဆိုတာလည်း စဉ်းစားလိုက်တာပေါ့ . . . (ခန္ဓာငါးပါးတွေပါဘုရား)။

## ရုပ်နဲ့နာမ်ပဲရှိတာယ်

ခန္ဓာငါးပါးတွေနော် . . . (မှန်ပါ့) ခန္ဓာငါးပါးကလည်း ဒကာ ဒကာမတို့ ခန္ဓာငါးပါးကလည်း ဒကာ ဒကာမတွေ ဖြစ်နေတော့ ရုပ်တရားက ရူပက္ခန္ဓာ ကျန်တဲ့လေးပါးက နာမက္ခန္ဓာ ဆိုတာလည်း သိကြပလား . . . (မှန်ပါ့)။

ရုပ်တရားက . . . (ရူပက္ခန္ဓာပါဘုရား) ကျန်တဲ့ လေးပါးက. . (နာမက္ခန္ဓာပါ) ဩော်. . . နာမ်နဲ့ရုပ်ပဲ ရှိပါကလား ဆိုတာလည်း ပေါ်လာတယ် . . . (မှန်ပါ့)။

အင်း. . . တရားနာနေတာတွေက ယခုကြည့်လိုက်ပြန် တော့ ဒကာ ဒကာမတွေလား . . . နာမ်ရုပ်တွေလား . . . မေးလိုက်ပြန်ရင် . . . (နာမ်ရုပ်တွေပါဘုရား) နာမ်ရုပ်တွေဆိုတာ သေချာကြပလား . . . (သေချာပါပြီဘုရား)။

ဩော်. . . နာမ်နဲ့ရုပ်ဆိုတာလည်း ပဋိသန္ဓေကာရဘုံမှာ ဦးဝတို့ ဦးခင်မောင်တို့ ဒကာသစ်တို့ နာမ်မှီပြီး ရုပ်ဖြစ်တာရှိတယ် နော် . . . (မှန်ပါ့) ရုပ်မှီပြီးသကာလ . . . (နာမ်လည်းဖြစ်ရပါ တယ်) နာမ်လည်းဖြစ်ရပါတယ်ဆိုတာ သေချာကြပလား. . . (သေချာပါတယ်ဘုရား)။

## အချင်းချင်းကျေးဇူးပြုတာရုပ်နဲ့နာမ်

တချို့ကျတော့ ပုရေဇာတပစ္စည်းများကျတော့ ရုပ်မှီပြီး နာမ်ဖြစ်ရတယ် . . . နော် . . . (မှန်ပါ့ဘုရား) ရုပ်မှီပြီး နာမ် တည်တံ့ရတယ်။

တချို့ကျတော့လည်း နာမ်တည်းဟူသော စိတ် စေတသိက်တွေကြောင့် စိတ်ရုပ်တွေဖြစ်ရတယ်ဆိုတော့ နာမ်မှီ ပြီး ရုပ်ဖြစ်နေရတယ် . . . (မှန်ပါ့ဘုရား)။

ဪ. . . ဒါဖြင့် ဒကာ ဒကာမတွေ ကျုပ်တို့မှာ အညမည အချင်းချင်းကျေးဇူးပြုတာ ရုပ်နဲ့နာမ်ပဲရှိပါကလား . . . (မှန်ပါ့ဘုရား) ဘာများရှိပါလိမ့် . . . (အညမညရုပ်နဲ့ နာမ်ရှိပါတယ်)။

အညမညဆိုတာ အချင်းချင်းပေါ့ဗျာ . . . (မှန်ပါ့) နာမ် က အကြောင်းပြု၍ ရုပ်ပေါ်၊ ရုပ်ကအကြောင်းပြု၍ နာမ်ပေါ် . . (မှန်ပါ့) သဘောကျကြပလား . . . (ကျပါတယ်)။

လောကီ ဥပမာပြကြပါစို့ . . . လို့ဆိုတဲ့အခါကျတော့ မြစ်ကူးမယ့်အခါကျတော့ လှေနဲ့ လှေထိုးသမားနဲ့ ဦးခင်မောင် ရေ ထားလိုက်တာပေါ့ဗျာ . . . (မှန်ပါ့)။

## လှေနှင့်လှေထိုးသမားဥပမာ

လှေထိုးသမားကြောင့်လည်း လှေဟိုဘက်ရောက်တယ် ဆိုရင်လည်း လွဲပါ့မလား ... (မလွဲပါဘုရား) လှေကြောင့် လည်း လူဟိုဘက်ရောက်တယ်ဆိုရင်ကော ... (မလွဲပါ ဘုရား)။

*** အရူပနိဿိတံ ရူပံ၊ အရူပံ ရူပနိဿိတံ။**

**ဇစ္စန္ဓ ပီဌသပ္ပိဝ၊ အညမည ဝ ဝတ္တိတံ၊**

(နာမရူပ ပရိစ္ဆေဒအဋ္ဌကထာ ဂါထာအမှတ် ၁၅၇၅)

လှေထိုးသမားကြောင့် လှေ, ဟိုဘက်ရောက်တယ် ဆို ရင်ကော (မလွဲပါ) ရှင်းပြီနော် ... (ရှင်းပါပြီ) လှေကြောင့် လူဟိုဘက်ရောက်သွားတယ်ဆိုရင်ကော ... (မလွဲပါဘုရား)။

ဒါဖြင့် သူတို့ချင်းဟာ မကင်းရာမကင်းကြောင်း အညမညဆိုတာ မပေါ်သေးဘူးလား ... (ပေါ်ပါတယ်ဘုရား) ဘယ်လိုပေါ်ကြပါလိမ့် ... (အညမည ပေါ်လာပါတယ် ဘုရား)။

## အညမညဆိုတာ ဒါပါပဲ

မကင်းရာမကင်းကြောင်း အညမညပစ္စယောဆိုတာ ဒါပါပဲ ... (မှန်ပါ့) လှေကြောင့်လည်း လူဟိုဘက် ရောက် တယ်၊ လူက လှော်ခတ်လို့လည်း လှေဟာ ... (ဟိုဘက်ရောက် ပါတယ်ဘုရား)။

အင်း . . . ဒါဖြင့် လေ့ချည်းလည်းမရောက်နိုင်၊ လူချည်း လည်းမရောက်နိုင်၊ သူတို့နှစ်ခုပေါင်းမှ ရောက်သလိုဒီမှာလည်း ဒကာ ဒကာမတွေ ပြောကြ ဆိုကြ နေကြ ထိုင်ကြတာသည် ရုပ်ချည်းလည်းပြောလို့ဆိုလို့မဖြစ်ဘူး . . . (မှန်ပါ့) နာမ်ချည်းလဲ . . . (မရပါဘုရား)။

နာမ်ရုပ် နှစ်ခုပေါင်းပြီးသကာလ စိတ်ကြောင့် ဒီနာမ် ကြောင့်အသံတွေများဖြစ်လာလိုက်တဲ့အခါ အသံရုပ်တွေများ ဖြစ်လာလိုက်သေး . . . (မှန်လှပါဘုရား) သဘောကျပလား. . (ကျပါပြီ)။

အဲဒီကဲ့သို့ ဒကာ ဒကာမတို့ ဒီရုပ်တွေကပူလာတာနဲ့များ စိတ်ထဲမှာ နေမကောင်းတာတွေများပေါ်လာလိုက်သေး. . . (ပေါ်လာပါတယ်ဘုရား)။

ဒီကျတော့ ရုပ်တွေ တေဇောဓာတ်တွေက ပူလောင်ပြီး သကာလ အဖျားဒီဂရီတစ်ရာ၊ တစ်ရာကျော်ဖြစ်လာတဲ့အခါကျ တော့ သူ့ကြောင့်ပဲ မကောင်းတဲ့စိတ်တွေ ပူပန်တဲ့စိတ်တွေကော ပေါ်မလာဘူးလား . . . (ပေါ်လာပါတယ်ဘုရား)။

ဒီ ပူပန်တဲ့စိတ်တွေကြောင့်လည်း ကြောက်လန့်တဲ့ရုပ် တွေကော ပြန်မဖြစ်ဘူးလား . . . (ဖြစ်ပါတယ်ဘုရား)။

ဩော် . . . ဒါဖြင့် သူတို့သည် မကင်းရာမကင်းကြောင်း နာမ်နဲ့ရုပ်ဟာ အညမညပါကလားဆိုတာ မပေါ်လာသေးဘူး

လား . . . (ပေါ်လာပါတယ်ဘုရား) ဘယ်လိုများပေါ်လာပါလိမ့် . . . (မကင်းရာမကင်းကြောင်း အညမညပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ကျုပ်တို့ တရားနာပြီးသကာလ နေကြတာ ဩော် . . . ဘယ်သူနဲ့ ဘယ်သူ ပေါင်းစပ်ပြီး သကာလ တရားများ နာနေကြပါလိမ့်မလဲ အကဲခတ်ကြည့်လိုက်တာပေါ့ . . . (နာမ်နဲ့ရုပ် ပေါင်းနာပါတယ်ဘုရား)။

## ရုပ်နဲ့နာမ်တရားနာနေကြတာ

ရုပ်နဲ့နာမ် အချင်းချင်းကျေးဇူးပြုပြီး တရားနာနေကြတာ . . . (မှန်လှပါ)ရုပ်နဲ့နာမ်တရားနာနေကြတာ. . . (မှန်ပါ့)ဘယ်သူကများ တရားနာနေကြပါလိမ့် . . . (ရုပ်နဲ့နာမ် တရားနာနေကြပါတယ်ဘုရား) ဩော် . . . ရုပ်နာမ်နှစ်ခု အချင်းချင်း ကျေးဇူးပြုပြီး တရားနာနေကြတယ်နော် . . . (မှန်လှပါ)။

အခုနေ ဖျက်ခနဲ စိတ်ကလေးချုပ်သွားလို့ရှိရင် ရုပ်ချည်းဆိုရင် တရားနာလို့မရဘူး၊ ဗိုင်းခနဲသေတာပဲ . . . (မှန်ပါ့ဘုရား) သဘောကျပလား . . . (ကျပါပြီ) နာမ်ချုပ်သွားပြန်တော့ ဦးခင်မောင်ရေ ရုပ်ချည်း တရားနာလို့ဖြစ်တဲ့လား . . . (မဖြစ်ပါဘုရား)။

ကဲ. . . နာမ်သက်သက်ဆိုတော့လည်း ရုပ်ကိုမှ မှီရာမရလို့ရှိရင်လည်း တရားနာလို့ဖြစ်တဲ့လား . . . (မဖြစ်ပါဘုရား)

ဒါဖြင့် နာမ်နဲ့ရုပ်သည် ဘာသဘောပါလိမ့်၊ အချင်းချင်းငှဲနေကြတယ် . . . (အညမညသဘောပါဘုရား) အညမညသဘော ပေါ်ကြပလား . . . (ပေါ်ပါပြီ)။

## ရုပ်နဲ့နာမ်မှတစ်ပါး ဘာမှမရှိ

အညမညပစ္စည်းလည်း နားလည်သွားရော နာမ်နဲ့ရုပ်ရှိတယ်ဆိုတာလည်း သေချာရောလို့ပြောလိုက်တာပါပဲ . . . (မှန်ပါ့ဘုရား) နာမ်နဲ့ရုပ်မှတစ်ပါး ဘာရှိသေးသလဲ . . . (ဘာမှမရှိပါဘုရား)။

သူတို့နှစ်ခုကလည်း တစ်ခုမရှိရင် တစ်ခုမဖြစ်တာဆိုတာလည်း ဒကာ ဒကာမတွေ ရှင်းပါပြီ၊ လင်းပါပြီလို့ ဘုန်းကြီး ထင်ပါတယ် . . . (မှန်လှပါဘုရား) မရှင်းသေးဘူးလား၊ ဦးခင်မောင် . . . (ရှင်းပါပြီဘုရား)။

တစ်ခုမရှိရင်တော့ဖြင့် . . . (တစ်ခုမဖြစ်ပါဘုရား) တရားနာလို့ကော မဖြစ်တော့ဘူး . . . (မှန်ပါ့) သွားလို့လာလို့ကော . . . (မဖြစ်ပါဘုရား)။

အဲ . . . သွားလို့လာလို့လည်းမဖြစ်တော့ ဒီထဲမှာ ယောကျ်ားလား မိန်းမလားဆိုတာ အကဲခတ်နေဖို့မလိုဘူး၊ သူတို့နှစ်ခု အချင်းချင်းငှဲနေတာ၊ ရုပ်ကနာမ်ငှဲ၊ နာမ်ကရုပ်ငှဲပြီးသကာလ နေနိုင် ထိုင်နိုင်ကြတာပဲဆိုတာ ပေါ်လာတယ် . . . (ပေါ်လာပါ

တယ်ဘုရား)မပေါ်လာကြဘူးလား. . . (ပေါ်လာပါတယ်ဘုရား)။

ဒါဖြင့် ဒီထဲမှာ ဒကာတွေလား, ဒကာမတွေလား, တရားနာနေကြတာ မည်သူတွေပါလိမ့်မတုံးလို့ အမှန်ကိုရှင်းပြလိုက်တဲ့အခါကျတော့ ဘာတွေ့ကြသလဲ. . . (ရုပ်နဲ့နာမ်ပဲတွေ့ပါတယ်)။

ရုပ်နဲ့နာမ် အချင်းချင်းငဲ့ပြီးသကာလ တရားနာနေကြတယ်၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

ဒီမှာ ဥပမာ ဖလားကလေးတစ်ခု၊ ရေခွက်ကလေးတစ်ခု မ, ချင်ပါတယ်ဆိုလို့ စိတ်က မ,ချင်ပေမယ်လို့ ရုပ်ကတောင့်တင်းမှ . . . (မှန်ပါ့) စိတ်က အမ, ခိုင်းတော့ ရုပ်ကြီးကတစ်ခါတည်းတောင့်တင်းပြီး မ,မဘူးလားဗျာ . . . (မ,ပါတယ်ဘုရား) အင်း . . . ဒါ ပုဂ္ဂိုလ် သတ္တဝါက မ,တာလား၊ နာမ်နဲ့ရုပ်က မ,တာလား . . . (နာမ်နဲ့ရုပ်က မ,တာပါဘုရား)။

တစ်ခါ ဖြုန်းခနဲပြန်ချလိုက်ပြန်တဲ့အခါ ချချင်တဲ့စိတ်က ချလိုက်တဲ့အခါကျတော့ ရုပ်ကလည်း ချရုပ်ပဲဖြစ်ပြီးသကာလ ဝုန်းခနဲပဲ ဒီခွက်ကလေးတွေ၊ ပန်းကန်ကလေးတွေ ဦးခင်မောင် . . . အောက်ရောက်သွားတယ် . . . (မှန်လှပါဘုရား)။

ဒါလည်း ဘယ်သူ့အလုပ်ပါလိမ့် . . . (ရုပ်နာမ်အလုပ်ပါဘုရား) အေး . . . နာမ်ရုပ်ႇ တွ၏ အလုပ်ဆိုတာ ဒကာ ဒကာမတွေ မရှင်းကြသေးဘူးလား . . . (ရှင်းပါပြီဘုရား)။

## အဝိဇ္ဇာသင်္ခါရက လုပ်လိုက်တယ်

အဲဒါတွေ ရှင်းပြီးသား၊ လင်းပြီးသားဖြစ်နေတော့ ဩော် ဆရာဘုန်းကြီး ဒီနေ့ဘာဟောနေပါလိမ့်၊ အဝိဇ္ဇာ သင်္ခါရက လုပ်တဲ့ဥစ္စာ ဘာတွေလုပ်လိုက်ပါလိမ့်မတုံးဆိုတာ မသိဘဲနေမှာ စိုးတာနဲ့ အဝိဇ္ဇာသင်္ခါရက နာမ်ရုပ်ပဲလုပ်လိုက်တယ်. . . (မှန်ပါ့ ဘုရား) သဘောပါကြပလား . . . (ပါပါတယ်) အဝိဇ္ဇာသင်္ခါရက . . . (နာမ်ရုပ်ပဲလုပ်လိုက်ပါတယ်ဘုရား)။

နာမ်ရုပ်ပဲ လုပ်လိုက်တော့ ယခုမှ ခင်ဗျားတို့က . . . ငါ ယောကျ်ား ဘယ်သူ့လူထင်ရမတုံး . . . ငါ မိန်းမပေမယ့် လည်း မိန်းမစွမ်းကောင်းပဲ၊ ဘယ်သူ့ဂရုစိုက်စရာ ရှိသတုံးဆိုပြီး ခင်ဗျားတို့က ခုမှ ဖောက်ပြန်ပြီးသကာလ နဂို ပင်တိုယ်ရင်းက မပါတာတွေ ခုမှမရှိတာနဲ့ကြွားနေလို့ ဖြေရှင်းနေရတာပါ . . . (မှန်ပါဘုရား)။

## မရှိတာနဲ့ ကြွားနေကြတယ်

မရှိတာနဲ့ ကြွားနေလို့ဘာတုံး . . . (ဖြေရှင်းနေရတာပါ ဘုရား) ဖြေရှင်းနေရတယ်ဆိုတာ ဒကာ ဒကာမတွေ ကောင်းကောင်း သဘောပါသွားပါပြီ . . . (ပါသွားပါပြီဘုရား) မပါကြသေးဘူး လား . . . (ပါ,ပါတယ်ဘုရား)။

ကဲ . . . ပါကြလို့ရှိရင် ဩော် . . . နာမ်ရုပ်တွေရှိတယ်ဆိုတာ သေချာပြီနော် . . . (သေချာပါပြီဘုရား)။

ဒီထဲမှာလည်း ဒကာ ဒကာမတို့ နာမ်လဲရင် ရုပ်လဲတယ်ဆိုတာလည်း မှတ်လိုက်ပါဦး . . . (မှန်ပါ့) ရုပ်လဲရင် . . . (နာမ်လဲပါတယ်ဘုရား)။

ဩော် . . . ဒါဖြင့် ဝိပဿနာရှုတဲ့အခါကျလို့ရှိရင် တစ်ခုရှုလို့ရှိရင် ငါးပါးပင်ရှိငြားသော်လည်း နာမ်တစ်ခု လဲလို့ရှိရင်လည်း နာမ်သုံးခု လဲမှာပဲ . . . (မှန်ပါ့) သူနဲ့ အညမညဖြစ်တဲ့ ရုပ်လဲ . . . (လဲမှာပါပဲဘုရား)။

## တစ်ခုရှုရင်အကုန်ပါတယ်

လဲရမှာပဲဆိုတာ ဒကာဝတို့ မောင်ထွန်းလှိုင်တို့ ကျေနပ်ပလား . . . (ကျေနပ်ပါပြီ) ဒါဖြင့် ဒကာ ဒကာမတို့ တစ်ခုပဲ **"ဧကောဓမ္မော"** ရှုကြပါစို့ . . . (မှန်လှပါဘုရား)။

ဘယ့်နှယ်ကြောင့် ဆရာဘုန်းကြီးက တစ်နည်းတည်းအရှုခိုင်းပါလိမ့်မတုံးဆို . . . ဩော် . . . တစ်ခုရှု အကုန်ပါလို့ . . . (မှန်ပါ့ဘုရား) ရှင်းကြပလား . . . (ရှင်းပါပြီ)။

တစ်ခုရှုလိုက်ရင် . . . (အကုန်ပါ၊ ပါတယ်ဘုရား) အကုန်ပါတယ်ဆိုတာ သိပြီးသား၊ ရှင်းပြီးသား၊ လင်းပြီးသားလိုဖြစ်နေတဲ့အတွက် ဦးခင်မောင် တစ်ခုပဲရှုကြပါစို့ . . . (မှန်လှပါဘုရား)။

## စိတ္တာနုပဿနာပေး

ကဲ . . . မနေ့ကတော့ စိတ္တာနုပဿနာ ဘုန်းကြီးက ပြောခဲ့တယ်နော် . . . (မှန်ပါ့) စိတ္တာနုပဿနာ မနေ့က ပြောခဲ့ ရတာကလည်း တခြားကြောင့်မဟုတ်ပါဘူး ဒကာ ဒကာမတို့၊ စိတ္တာ နုပဿနာ၊ ဒိဋ္ဌိများတဲ့ပုဂ္ဂိုလ်မှာ ဒိဋ္ဌိများပြီး သကာလ ဉာဏ် နုံ့တဲ့ပုဂ္ဂိုလ်မှာ စိတ်ရှုပါ . . . (မှန်ပါ့) ဒိဋ္ဌိများပြီး ဉာဏ်နုံ့တဲ့ ပုဂ္ဂိုလ်မှာ . . . (စိတ်ရှုပါဘုရား) စိတ်ရှုရမယ်လို့ ပြောလိုက်တယ် . . . (မှန်ပါ့)။

ခန္ဓာငါးပါးစုံအောင် ကြိုက်တဲ့ ကိုယ့်ဝါသနာနဲ့ ကိုယ့် အကြိုက်နဲ့ မနေ့က ဒိဋ္ဌိအကြိုက် ဟောခဲ့တယ်၊ ဒီနေ့တော့ ဦးခင်မောင် တဏှာစရိုက်ကိုဟောလိမ့်မယ် . . . (မှန်ပါ့)။

ဘာစရိုက်ဟောမလဲ . . . (တဏှာစရိုက်ဟောပါမယ်) တဏှာစရိုက်ဆိုတော့ လိုချင်, ရချင်တာများတဲ့ ပုဂ္ဂိုလ်များ အတွက် တဏှာစရိုက်ရှိတဲ့ ပုဂ္ဂိုလ်ကျတော့ ဝေဒနာနုပဿနာ ပေးကွတဲ့ . . . (မှန်လှပါဘုရား)။

## ဝေဒနာနုပဿနာပေး

တဏှာစရိုက်ရှိတဲ့ပုဂ္ဂိုလ်ကျတော့ . . . (ဝေဒနာ နုပဿနာပေးပါ) အဲ . . . ဉာဏ်ထက်ထက်နဲ့ တဏှာများတဲ့ ပုဂ္ဂိုလ်ကျတော့ 'ဝေဒနာနုပဿနာရှုကြ . . . (မှန်ပါ့)

သဘောပါကြပလား . . . (ပါပါတယ်ဘုရား)။

အင်း. . . တဏှာများများနဲ့ဉာဏ်ထက်တဲ့ပုဂ္ဂိုလ်ကျတော့ . . . (ဝေဒနာနုပဿနာ ပေးရပါမယ်ဘုရား)။

ဒါ့ကြောင့် ယနေ့သည်ကားလို့ဆိုလို့ရှိရင် ဒကာ ဒကာမတို့ နိဗ္ဗာန်တော့ဖြင့် စိတ်ရှုလည်း ဒိဋ္ဌိကွာလို့ ရောက်တာပါပဲ၊ ဝေဒနာလည်း တဏှာချုပ်လို့ ဒိဋ္ဌိပါတွဲပြီး ရောက်တာပါပဲ. . . (မှန်ပါ့)။

သို့သော် . . . ကိုယ့်စရိုက်နဲ့တော်တာ ကိုယ်ရှုကြပါစေတော့ဆိုပြီးသကာလ ဒကာ ဒကာမတွေ အခု ကိုယ့်ဉာဏ်နဲ့ ကိုယ် ကမ္မဋ္ဌာန်းနဲ့ကိုယ် တော်ရာကို ရှုကြပါဆိုတဲ့ဥစ္စာ ဦးခင်မောင်လေးစားစွာ သတိပေးတယ် . . . (မှန်ပါ့ဘုရား)။

## ရမ်းရှုလို့တော့မရဘူး

ရမ်းရှုလို့မရဘူးဆိုတာ သဘောကျပလား . . . (ကျပါပြီ) ကိုယ့်စိတ်က တဏှာစရိုက်ရှိနေတယ်၊ လောဘစိတ်အားကြီးနေတယ်၊ ဉာဏ်ကလေးကတော့ တော်ပါရဲ့၊ လောဘသိပ်ကြီးတာပဲဆိုတော့ သူ့ကို ဘာကမ္မဋ္ဌာန်းပေးရမလဲ . . . (ဝေဒနာကမ္မဋ္ဌာန်းပေးရပါမယ်ဘုရား)။

သူကတော့ ဉာဏ်ကတော့ နုံ့တယ်၊ သူ့ဟာက သူ့ဖို့သာ သူသိနေတာပဲ၊ သူများဖို့ဆို တစ်ဖို့မှမပါဘူးဆိုတဲ့ ဒိဋ္ဌိစရိုက်ရှိတဲ့

ပုဂ္ဂိုလ်ကျတော့ စိတ္တာနုပဿနာပေးရမယ်. . . (မှန်ပါ့ဘုရား)။

သူ့ဖို့ ကိုယ့်ဖို့ မမျှတဲ့ ပုဂ္ဂိုလ်ကျတော့ ဘာပေးရမလဲ. . . (စိတ္တာနုပဿနာပေးရပါမယ်) တဏှာစရိုက်ကတော့ မျှော်လိုက်တာပါသေးတယ်ဗျ . . . (မှန်လှပါ) တဏှာစရိုက်ကတော့ မျှော်လိုက်တယ်၊ ဒီတစ်ခါကျူးခံမယ်၊ နောက်တစ်ခါမှ အရယူမယ် ဆိုတာ အဲဒါ တဏှာစရိုက် . . . (မှန်လှပါဘုရား)။

ဒိဋ္ဌိစရိုက်ကတော့ မဟုတ်ဘူး၊ ဘယ်ကလာလာ ကိုယ့်ဘက်ကတော့ အရှုံးမပေးနိုင်ဘူးဆိုတာက ဒိဋ္ဌိစရိုက်. . . (မှန်ပါ့)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

တဏှာစရိုက် ဒိဋ္ဌိစရိုက်ကိုလည်း ဈေးသည်ပြော, ပြောရမလိုကျနေတာ ခက်လိုက်တဲ့ဖြစ်ခြင်း ရိပ်မိပလား. . . (ရိပ်မိ ပါပြီ)၊ တဏှာစရိုက်နဲ့ ဒိဋ္ဌိစရိုက် ရှင်းပလား ဦးခင်မောင်ရေ . . . (မှန်ပါ့ဘုရား)။

## ဈေးသည်မှာစရိုက်နှစ်မျိုး

နောက် အရောင်းအဝယ်တွေမျှော်ပြီး ဒီတစ်ခါမျှောပြီး အရှုံးခံရောင်းတဲ့ ပုဂ္ဂိုလ်များကျတော့ ဘာစရိုက်ဆိုကြမလဲ. . . (တဏှာစရိုက်ပါဘုရား) (၁) တဏှာစရိုက်။

အို. . . နောင်ခါလာနောင်ခါချေး၊ အခုအရေးကြီးတယ်ဆိုတဲ့ ပုဂ္ဂိုလ်များကျတော့လည်း (၂) (ဒိဋ္ဌိစရိုက်ပါဘုရား)၊ အဲဒါဈေးသည်မှာ ဒီနှစ်မျိုးရှိတယ်. . . (မှန်ပါ့ဘုရား)၊ မရှိဘူး

လား. . . (ရှိပါတယ်ဘုရား)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ ဘုရား)။

ဒါကြောင့် တဏှာစရိုက်နဲ့ ဒိဋ္ဌိစရိုက် အဲဒါ ကိုယ့်ဟာကိုယ် အကဲခတ်ကြ. . . (မှန်ပါ့)၊ ကိုယ့်ဟာကိုယ် အကဲခတ်တော့ ဩော်-ငါသည် တဏှာစရိုက်များလို့ရှိရင် ဘုရားကရော၊ အဋ္ဌကထာတွေကရော၊ ဆရာဘုန်းကြီးကရော တဏှာများပြီး ဉာဏ်ထက်တဲ့ ပုဂ္ဂိုလ်ဆိုတော့ ဉာဏ်ထက်လို့ပေါ့ ဒကာ ဒကာမတို့ မျှော်ရဲတာ. . . ဟင်. . . (မှန်ပါ့)။

အဲဒီပုဂ္ဂိုလ်ကျတော့ ဘာရှုရမတဲ့လဲ. . . (ဝေဒနာနုပဿနာရှုရပါမယ်)၊ အို. . . ငါ့ဟာတော့ဖြင့် တစ်ပဲတစ်မူးမှ အရှုံးမခံနိုင်ပါဘူးဆိုတဲ့ ဥစ္စာကျတော့ ဘာရှုရမလဲ. . . (စိတ္တာနုပဿနာရှုရပါမယ်)။

## ကိုယ်မျက်မြင်ကိုယ်ရှုကြ

စိတ္တာနုပဿနာရှုရမယ်ဆိုတော့ ကိုယ့်မျက်မြင် ကိုယ်ရှုလို့ရှိရင် ကမ္မဋ္ဌာန်းဟာ မကြာခင်ဘဲ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရပါတယ်. . . (မှန်ပါ့ဘုရား)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါဖြင့် ဘယ်လိုရှုကြရမယ်. . . (ကိုယ့်မျက်မြင်ကိုယ်ရှုကြရပါမယ်)၊ အနာနဲ့ဆေးသင့်အောင် ပေးရလိမ့်မယ်. . . (မှန်ပါ့)၊ ဒကာ ဒကာမတို့ ဘယ်လိုပါလိမ့်. . . (အနာနဲ့ဆေးနဲ့သင့်အောင်ပေးရပါမယ်ဘုရား)။

အနာနဲ့ဆေးသင့်အောင် ပေးမှသာလျှင် ဦးဇံရင်ရေ လိုရာဆိုက်မယ်. . . (မှန်လှပါ)၊ အနာနဲ့ဆေး သင့်အောင် မပေးလို့ရှိရင်. . . (လိုရာမဆိုက်ပါဘုရား)။

အေး. . . ဒါကြောင့် ဘုန်းကြီးတို့ ပြောရတယ်၊ ဒကာ ဒကာမတို့ တဏှာများများနဲ့ ဉာဏ်ထက်တဲ့ ပုဂ္ဂိုလ် ဘာပေးရ မယ်. . . (ဝေဒနာနုပဿနာပါဘုရား)။

ဒိဋ္ဌိများများနဲ့ ဉာဏ်နုံ့တဲ့ပုဂ္ဂိုလ်. . . (စိတ္တာနုပဿနာ ပါဘုရား)၊ အဲဒါခင်ဗျားတို့တရားတစ်ပွဲလုံးဝေဖန်ပါတော့နော် . . . (မှန်ပါ့ဘုရား)။

ဦးခင်မောင် ဒါအများနဲ့မဆက်ဆံဘူးလား. . . (ဆက် ဆံပါတယ်ဘုရား)၊ ကိုယ့်ဟာကိုယ် ရွေးနိုင်တဲ့ဉာဏ်ပဲ မဟုတ် လား. . . (မှန်ပါ့ဘုရား)၊ ကိုယ့်ဟာနဲ့ကိုယ် ရွေးပြီးသကာလ ကြိုးစားကြပါဆိုတာကိုလည်း ပြောရပြန်ပါတယ်. . . (မှန်ပါ့)။

## စရိုက်မရွေးရင်အချိန်ကြာမယ်

ဒါဖြင့် ဒကာ ဒကာမတို့ စရိုက်မရွေးဘဲနဲ့ တရားအား ထုတ်လို့ရှိရင်ဖြင့် အချိန်ကြာပြီး လိုရာမရောက်ပေဘူး. . . (မှန်လှပါ) စရိုက်မရွေးဘဲနဲ့ တရားအားထုတ်ရင်. . . (အချိန် ကြာပြီး လိုရာမရောက်ပါဘုရား)။

အဲဒါကလေး တိုတိုကလေး နားထောင်လိုက်တာပေါ့ ဗျာ ခင်ဗျားတို့ တိုတိုကလေးနားထောင်လိုက်တော့မှ အရှင်သာရိပုတ္တရာကြီးသည် ပန်းထိမ်သည်ကလေး တစ်ယောက်ရှိတယ်နော်. . . (မှန်ပါ့)၊ အရှင်သာရိပုတ္တရာကြီးက ဆွမ်းခံနေတဲ့ အိမ်မှာ ပန်းထိမ်သည်တစ်ယောက်ရှိတယ်၊ သူ့ဆွမ်းခံ အိမ်က ပန်းထိမ်သည်ဖြစ်နေတယ်။

အဲဒီပန်းထိမ်သည်ကလေး တစ်နေ့တစ်လုံးပြော နှစ်လုံးပြောနဲ့ ပန်းထိမ်သည်ကလေးက သင်္ကန်းဝတ်ချင်တယ်၊ တရားခမ္မတွေ သက်ဝင်ပြီး သင်္ကန်းဝတ်ချင်တော့ ကဲ. . . ဝတ်တာပေါ့ကွာဆိုပြီး အရှင်သာရိပုတ္တရာက သင်္ကန်းဝတ်စေပြီး သကာလ ဦးဝ ကမ္မဋ္ဌာန်းပေးလိုက်တယ်နော်. . . (မှန်လှပါ)။

## ပန်းထိမ်သည်ဆိုတာ အလှကြိုက်တယ်

ကမ္မဋ္ဌာန်း ဘာပေးလိုက်သတုံးဆိုတော့. . . ပန်းထိမ်သည်ဆိုတာက အလှကြိုက်တယ်နော်. . . (မှန်ပါ့)၊ ပန်းထိမ်သည်ဆိုတာက သူ့မျက်လုံးထဲမှာ အမြဲတမ်းလှဖို့ပဖို့သာ သူစိတ်ကူးရှိတဲ့ ပုဂ္ဂိုလ်ဆိုတာလည်း ကိုမြရွှေ ငြင်းဖို့လိုသေးသလား. . . (မလိုပါဘုရား)။

အဲဒါ သူက အသုဘကမ္မဋ္ဌာန်းကြီး ပေးထားတယ်. . . (မှန်ပါ့)၊ အသုဘကမ္မဋ္ဌာန်းကြီး ပေးပြီးသကာလထားလိုက်တဲ့

အခါကျတော့ ဝါတွင်းသုံးလတွင် ပထမလမှာ ငါ့ရှင် ငါပေးထား
တဲ့ သုံးဆယ့်နှစ်ကောဋ္ဌာသ ဘယ့်နှယ်နေသတုံးကွတဲ့။

## အသုဘကမ္မဋ္ဌာန်း

အသုဘကမ္မဋ္ဌာန်းဆိုတာ သုံးဆယ့်နှစ်ကောဋ္ဌာသပေါ့ဗျာ အနုလောမ, ပဋိလောမ လုပ်ရတယ်နော်. . . (မှန်ပါ့ ဘုရား)၊ နည်းနည်းကလေးများကွာ နိမိတ်ကလေး ဘာလေး ဘာလေး မထင်သေးဘူးလား သမာဓိပညာကလေးများ မထက်သေးဘူးလားကွာတဲ့၊ မထက်သေးပါဘူးဘုရား။

ဟ. . . ဒီကောင် ဘယ့်နှယ်ဖြစ်နေပါလိမ့်မလဲ၊ ကြိုးစားပါဦးကွာဆိုတော့ ဦးဝရေ ဒုတိယလလည်း အကြိုးစားခိုင်းပြန်တယ်. . . (မှန်ပါ့)၊ ဒုတိယလအကြိုးစားခိုင်းပြန်တော့လည်း ဦးခင်မောင် မေးပြန်တယ်၊ ငါ့ရှင် ဘယ့်နှယ်နေသတုံးဟေ့ . . . နိမိတ်ကလေး ဘာလေး မထင်သေးဘူးလား. . . တဲ့၊ တော်တော်ကလေး မင်းစိတ်ထဲ သမာဓိပညာကလေးများ မထက်သေးဘူးလားကွာတဲ့. . . (မထက်သေးပါဘုရား)။

ဟ. . . ဒီကောင် ဘယ့်နှယ်ဖြစ်နေပါလိမ့်. . . သူ့စိတ်ထဲ အောက်မေ့တယ်၊ နောက် သီတင်းသာကျွတ်သွား သုံးလသာစေ့သွားတယ်၊ ဦးခင်မောင်ရေ. . . ဘာနိမိတ်မှမထင်လာဘူး. . . (မှန်ပါ့ဘုရား)၊ အဲဒီတွင် အရှင်သာရိပုတ္တရာ စိတ်ပျက်

တယ်၊ ကိုမြရွှေ ဘာတဲ့တုံး. . . (အရှင်သာရိပုတ္တရာ စိတ်ပျက်ပါတယ်)၊ အရှင်သာရိပုတ္တရာ စိတ်ပျက်တယ်နော်. . . (မှန်ပါ့)၊ ဘာ့ကြောင့် ပျက်ပါလိမ့်မတုံးဆိုတော့ သုံးလပြည့်ပြီ ကမ္မဋ္ဌာန်းပေးသွားတာ ဘာနိမိတ်မှ မထင်လာဘူးဆိုတော့ ဦး၀ အတော်ခဲယဉ်းသွားသပေါ့ဗျာ. . . (မှန်ပါ့)။

## ဘုရားထံခေါ်သွားတယ်

အဲဒီတွင်မှ မင်းဟာ ငါချွတ်လို့ရမည့်ပုဂ္ဂိုလ် မဟုတ်ပါဘူး၊ ဘုရားချွတ်မှ ရမည့်ပုဂ္ဂိုလ်ပါပဲ ဆိုပြီးသကာလ ဘုရားသခင်ကိုယ်တော်မြတ်ကြီးဆီကို ဒီပန်းထိမ်သည် ရဟန်းကလေးကို ဦးခင်မောင် ခေါ်သွားတယ်နော်. . . (မှန်ပါ့ဘုရား)။

ဘုရားက သူတို့လာခါရှိသေးတယ် မင်း တပည့်အပ်လာတာလားကွ ဘုရားက ဆီးမေးလိုက်တယ်. . . (မှန်ပါ့)၊ မင်း တပည့်အပ်လာတာလားလို့ ဆီးမေးလိုက်တာ၊ ဘုရားကသိပြီ၊ အရှင်သာရိပုတ္တရာကြီးဟာ ပန်းထိမ်သည်ကို အသုဘကမ္မဋ္ဌာန်းပေးလို့ရှိရင်ဖြင့် ခြေချော်တာမှ အကြီးအကျယ်ပဲဆိုတာသိပြီ . . . (မှန်ပါ့)၊ ခြေချော်သွားတာ. . . (မှန်ပါ့)။

ဒကာ ဒကာမတို့လည်း အစဉ်တည့်ရဲ့လား. . . . (မတည့်ပါဘုရား)၊ အလျှကြိုက် အရုပ်ဆိုးပေးထားတယ်. . . (မှန်ပါ့)၊ အလျှကြိုက်အရုပ်ဆိုးပေးထားတော့ မွေ့လျော်ပါ့မလား . . . ဒီ ကမ္မဋ္ဌာန်းနဲ့. . . (မမွေ့လျော်ပါဘုရား)။

အဲဒီမှာ အလှကြိုက်ကို အရုပ်ဆိုးပေးထားလို့ မွေ့လျော်ဖို့ကိစ္စမလာဘဲနဲ့ ဦးခင်မောင်ရေ. . . ဘာမှ အကျိုးမပြီးအချည်းနှီး ဝါတွင်းသုံးလ အဟောသိကံဖြစ်ခဲ့ရတယ်နော် . . . (မှန်ပါ့)၊ ဒါနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးဆီလာတော့ မင်းတပည့် အ,အပ်လာတာလားကွလို့ မေးလိုက်ပါတယ်၊ ဟုတ်ပါတယ်ဘုရား၊ တပည့်တော် ဝါတွင်းသုံးလပတ်လုံး အသုဘ ကမ္မဋ္ဌာန်းတွေ ပေးလိုက်တာ ဘာနိမိတ်မှ မထင်လာဘူးလို့ ပြောပါတယ်။

## ညနေကျွတ်တမ်းဝင်တယ်

အေးအေး. . . ဒါဖြင့် ထားခဲ့တာပေါ့၊ မင်းတပည့်ကလေးအပ်ပြီးသကာလ မင်းညနေကျတော့ တစ်ခေါက်လာခဲ့ဦးတဲ့ ညနေကျွတ်တမ်းဝင်မှာ. . . (မှန်လှပါ)၊ တည့်တော့လည်း ညနေကျွတ်တမ်းဝင်မှာ. . . (မှန်ပါ့)၊ ဟို. . . သုံးလကချော်ကုန်ပြီ. . . (မှန်ပါ့)၊ ဒကာ ဒကာမတို့ မနာဘူးလား. . . (နာပါတယ်ဘုရား)။

အဲဒါကြောင့်. . . ခုနင်ကပြောရတယ် ဒကာ ဒကာမတွေ ဒိဋ္ဌိများများနဲ့ ဉာဏ်နုံ့တဲ့ပုဂ္ဂိုလ် ဘာရှုရမလဲ. . . (စိတ္တာနုပဿနာရှုရပါမယ်) တဏှာများများနဲ့ ဉာဏ်ထက်တဲ့ပုဂ္ဂိုလ် ဘာရှုရမလဲ. . . (ဝေဒနာနုပဿနာပါဘုရား)။

အဲဒီတော့ ဒါဘုန်းကြီးက ဝေဖန်ရမှာလား. . . ခင်ဗျားတို့က ဝေဖန်ပြီး ငါဒါနဲ့တော်တယ်လို့ ဆုံးဖြတ်ချက်ချရမှာလား. . . အကဲခတ်စမ်း. . . (ကိုယ့်ဟာကိုယ် ဝေဖန်ရမှာပါဘုရား) ဦးခင်မောင်ကြီး. . . ခင်ဗျားဘာနဲ့တော်သတုံး. . . ဘာနဲ့တော်သလဲ. . . (စိတ္တာနုပဿနာပါဘုရား)။

## ကိုယ့်ဟာကိုယ်အသိဆုံး

စိတ္တာနုပဿနာတော်တယ်. . . (မှန်ပါ့)၊ နေရာကျပြီ . . . ဒါဖြင့် ကိုယ့်ဟာကိုယ်လုပ်နော်. . . (မှန်လှပါဘုရား)၊ နေရာကျပါပြီ. . . ဒါဖြင့် ကိုယ့်ဟာကိုယ်သာ အသိဆုံးဆိုတာ ဒကာ ဒကာမတွေ ရိပ်မိကြပလား. . . (ရိပ်မိပါပြီဘုရား)။

အိမ်ကျတော့ ကိုယ့်ဟာကိုယ် ဝေဖန်တာပေါ့ ဆရာဘုန်းကြီးကတော့ နှစ်နည်းတော့ ပေးလိုက်တယ်၊ ဒိဋ္ဌိများများနဲ့ ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာ အထင်များများနဲ့ ဉာဏ်ကနုံ့တဲ့ ပုဂ္ဂိုလ်ကျတော့ ဩော်. . . ငါဒီအထဲပါလို့ရှိရင်တော့ စိတ်ကိုရှုရမယ် . . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

တဏှာများများနဲ့ ဉာဏ်ထက်တဲ့ ပုဂ္ဂိုလ်ကျတော့ ဘာရှုရမလဲ. . . (ဝေဒနာရှုရပါမယ်ဘုရား)၊ အဲဒါတော့ ကိုယ့်ဟာကိုယ် ဝေဖန်ပြီးသကာလ ရှုပါဆိုတာ သတိပေးလိုက်ပါတယ် . . . (မှန်လှပါဘုရား)။

## ပထမ သမထတည်အောင်လုပ်

ပထမ သမထ တည်အောင်တော့ဖြင့်. . . ဘယ်သူ ဖြစ်ဖြစ်အာနာပါနနဲ့ တည်ထောင်ရတာပဲ. . . (မှန်လှပါဘုရား)၊ နောက် ဝိပဿနာကူးတော့မယ်ဆိုတော့. . . သူ့ အမျိုးအစား နဲ့ အဆင့်အတန်းနဲ့ သူ့စရိုက်နဲ့ လျော်တဲ့ ကမ္မဋ္ဌာန်းနဲ့ သွားရ တယ်နော်. . . (မှန်လှပါဘုရား)။

ဒါနဲ့ ခုနင်က ဝတ္ထုကလေး ဦးခင်မောင် နားထောင်ပါ ဦးနော်. . . (မှန်လှပါ)၊ ဒါနဲ့ အရှင်သာရိပုတ္တရာကြီးကို မင်း . . . ပြန်သွားတော့ကွာ. . . ညနေတစ်ခေါက်လာခဲ့ဦးလို့ ဘုရားက မှာလိုက်တယ်. . . (မှန်ပါ့)။

ညနေ တစ်ခေါက်လာခဲ့ဦးလို့ဆိုတာ ဘုရားက သြော် . . . အရှင်သာရိပုတ္တရာ ပညာအရာ ဧတဒဂ်ရတယ်ဆိုငြား သော်လည်း ချော်ချင်, ချော်နေတယ်ဆိုတာ သိအောင်လို့ ဦးဝ, ရေ. . . ညနေ လာခဲ့လို့ ခေါ်လိုက်တာ. . . (မှန်လှပါဘုရား)။

ဒါနဲ့ ဒီကိုယ်တော်ကလေး တစ်ခါတည်း ဘုရားရှင် ကိုယ်တော်မြတ်ကြီးက သဲပုံကြီးတစ်ခု ဖန်ဆင်းပြီးသကာလ သဲပုံကြီးပေါ်မှာ ပဒုမ္မာကြာပွင့်ကြီးစိုက်လို့နော်. . . (မှန်ပါ့)၊ ပဒုမ္မာကြာပွင့်ကြီး, စိုက်ပြီးသကာလ ငါ့ရှင်အဲဒီပဒုမ္မာကြာပွင့်သာ ကြည့်နေပော့. . . (မှန်ပါ့)၊ ဘုရားကပြတော့ သူကကြည့်တာ ပေါ့. . . ဟိုကလှည့်ကြည့် ဒီကလှည့်ကြည့်နဲ့ သူက အလှကြိုက် ကိုး. . . (မှန်ပါ့)။

## ပဒုမ္မာကြာပွင့်

အလှကြိုက်နဲ့ ပဒုမ္မာကြာပွင့်နဲ့ဆိုတော့ လုံးထွေးနေတာပေါ့ ဦးခင်မောင်ရေ. . . (မှန်ပါဘုရား)၊ အဲဒီမှာ ကြည့်ရင်း၊ ကြည့်ရင်းနဲ့ ပဒုမ္မာကြာပွင့်ကြီးက နေကလေးက ထွက်လာတဲ့အခါ ရွက်ချပ်ကလေးတွေက ကော့ပြီးသကာလ, လာ၊ နေကလေးက ပြင်းလာတော့ ရွက်ချပ်ကလေးတွေက ဒီ, ထက်ပိုပြီး ကော့ကောက်ပြီးသကာလ လာကြတယ်၊ တော်တော်ကြာကျတော့ ဦးဝရေ ပွင့်ချပ်ကလေးတွေက ဖျတ်ခနဲပြုတ်ကျ နောက်အချပ်ကလေးတွေ ဖျတ်ခနဲပြုတ်ကျ ဩော်. . . လှရာကလည်း ပြုတ်ပါကလားဆိုတာ ပေါ်လာတယ်. . . (မှန်ပါ့)။

ဩော်. . . ဒီအလှဟူသရွေ့လည်း ပျက်တာပဲ၊ အဆိုင်ဟူသရွေ့လဲ . . . (ပျက်တာပါပဲဘုရား)၊ ပျက်တာပါပဲဆိုပြီးသကာလ ဒီတွင်မှ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက "**ဥစ္ဆိန္ဒသိနေဟမတ္တနော**" မင်း. . . ဒါကလေးခင်တာတွေ စွန့်ရမှာကွ . . . ဒီကနေ ဟောလိုက်တယ်။

## နဂိုကတော့လှသလိုလို

အဲဒီတော့ မင်းခန္ဓာလည်း သေသေချာချာကြည့်ကွ၊ နဂိုကတော့ လှသလိုလိုပဲ၊ အခု, သေသေချာချာကြည့်စမ်း၊ ဖျတ်ဖျတ် ဖျတ်ဖျတ်နဲ့ ပြုတ်ကျနေတယ်ကွ။

ဒါကလေးကို မင်းသည်ကားလို့ဆိုရင် နဂိုက လှနေတာ ကလေးတွေဟာ မင်းထင်တာကလေးတွေဟာ အခုတော့ အနိစ္စတွေဖြစ်နေပြီကွ၊ ဒီ ခင်မှုဖြတ်လိုက်၊ ခင်မှုဖြတ်လိုက်နဲ့ ကျောင်းတော်ကနေ တရားဟောတယ်. . . (မှန်ပါ့)။

ဉစ္ဆိန္ဒ သိနေဟ မတ္တနော၊
ကုမုဒံ သာရဒိကံဝ ပါဏိနာ။
သန္တိမဂ္ဂမေဝ ဗြူဟယ၊
နိဗ္ဗာနံ သုဂတေန ဒေသိတံ။ ။

ဆိုပြီး ကျောင်းတော်ကနေပြီး သူ့အနားကပ်ဟော လိုက်သလို ဟောလိုက်တော့ ဗဟိဒ္ဓကနေပြီး အဇ္ဈတ္တပြန်လှည့် လိုက်တယ်. . . (မှန်ပါ့)။

## တစ်ခါတည်းရဟန္တာဖြစ်တယ်

ဗဟိဒ္ဓဆိုတော့ ခုနင်က ပဒုမ္မာကြာပန်းကနေပြီး ပဒုမ္မာ ကြာပန်းလိုပဲ ခန္ဓာကိုယ်ကြီးဟာ လှပြားသော်လည်း အင်း. . . ဟင်. . . ဒီတရားတွေဟာ ဖြစ်ပျက်၊ ဖြစ်ပျက်နဲ့ ပြုတ်ကျနေ ပါကလား. . . "ဟုတွာ အဘာဝဋ္ဌေနအနိစ္စံ" ဆိုတဲ့အတိုင်း ပျက်ပျက်နေပါကလားဆိုပြီးသကာလ ရှုလိုက်တော့ဖြစ်ပျက် မြင်၊ ဖြစ်ပျက်မုန်း ဖြစ်ပျက်ဆုံးတာပေါ့ဗျာ. . . (မှန်ပါ့ဘုရား)။

အဲဒီတွင် တစ်ခါတည်း သောတာပန်တည်၊ လေးခါလောက်ကျတော့ တစ်ခါတည်း ရဟန္တာဖြစ်တယ်. . . (မှန်ပါ့)၊ ဒကာ ဒကာမတွေ့ အလှကို ဖျက်ပြတာကိုးဗျ. . . (မှန်လှပါဘုရား)။

ဒါ သူ့စိတ်ကိုတော့ အလှကြိုက်တဲ့သူ အလှနဲ့ပဲ ပြရတယ်ဆိုတာ သေချာပလား. . . (သေချာပါပြီဘုရား)၊ နို့မဟုတ်ရင် ကမ္မဋ္ဌာန်းနဲ့ကို သူနဲ့တည့်မှာမဟုတ်ဘူး. . . (မှန်ပါ့)။

အဲဒီတွင် ရဟန္တာဖြစ်ပြီးသကာလ လာတော့မှ အရှင်သာရိပုတ္တရာကြီးလာတော့ ဘယ့်နှယ်လဲဟေ့. . . ညနေ မင်းတစ်ခေါက်လာခဲ့ဦးဆိုလို့ အရှင်သာရိပုတ္တရာကြီး ကြွလာတော့ ဒီမှာ ရဟန္တာဖြစ်နေပြီ၊ ဒကာ ဒကာမတွေ တစ်ရက်နဲ့ ရဟန္တာဖြစ်တယ်နော်. . . (မှန်ပါ့ဘုရား)။

ဟိုမှာ ရက်ပေါင်းကိုးဆယ်နဲ့ ဘာမှ ခရီးမပေါက်ဘူး . . . (မှန်ပါ့)၊ အဲဒါစရိုက်နဲ့ ကမ္မဋ္ဌာန်းလွဲလို့. . . (မှန်ပါ့ဘုရား)၊ ဘယ်လိုဆိုကြမယ်. . . (စရိုက်နဲ့ကမ္မဋ္ဌာန်းလွဲလို့ပါဘုရား)။

ဒီမှာလည်း ဘုန်းကြီးတို့က များများမပြောပါဘူး ဦးခင်မောင်ရေ. . . ဟဏ္ဍာများများနဲ့ ဉာဏ်ထက်တဲ့ပုဂ္ဂိုလ် ဝေဒနာရှု. . . (မှန်လှပါဘုရား)၊ ဒိဋ္ဌိများများနဲ့ ဉာဏ်တိမ်တဲ့ပုဂ္ဂိုလ်. . . (စိတ္တာနုပဿနာရှုရပါမယ်ဘုရား)၊ စိတ္တာနုပဿနာရှုဆိုတော့ ခင်ဗျားတို့ ဒါမှတ်မိပါပြီ. . . (မှတ်မိပါပြီဘုရား)။

မှတ်မိတော့ ဘုန်းကြီးက မနေ့က စိတ္တာနုပဿနာ ဟောလိုက်ပါတယ်၊ ယနေ့တော့ ဝေဒနာနုပဿနာ ဟောလိမ့်မယ်ဆိုတာ သိကြပလား. . . (သိပါပြီဘုရား)။

ကိုင်း. . . ဒါဖြင့် ဒကာ ဒကာမတို့ ဒီခန္ဓာငါးပါးကြီးထဲမှာ ဝေဒနာပါရဲ့လားလို့ မေးရင် ဘယ့်နှယ်ဖြေကြပါ့မလဲ . . . (ပါ, ပါတယ်ဘုရား)။

## ဝေဒနာနုပဿနာ

ဩော်. . . ဒါဖြင့် ဝေဒနာပါတော့ ကျန်တာတွေ အကုန်ဖြုတ်ထားလိုက်၊ ဝေဒနာက ခန္ဓာထဲမှာ သုံးမျိုးပေါ်နိုင်တယ်လို့ ဒကာ ဒကာမတွေက မှတ်လိုက်တာပေါ့နော်. . . (မှန်ပါ့ဘုရား)၊ သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာနော် . . . (မှန်ပါ့)။

ဝေဒနာ ဘယ်နှစ်မျိုးရှိပါလိမ့်. . . (သုံးမျိုးရှိပါတယ်ဘုရား)၊ အင်း. . . ဟင်. . . ခန္ဓာထဲမှာ မျက်စိ နား နှာခေါင်း လျှာမှာ ဥပေက္ခာဝေဒနာပေါ်တယ်၊ ဒီမှာပေါ်တဲ့ တရားဟူသရွေ့ ဥပေက္ခာချည်းမှတ်. . . (မှန်ပါ့ဘုရား)၊ မျက်စိ, နား , နှာခေါင်း, လျှာမှာ. . . (ဥပေက္ခာဝေဒနာပေါ်ပါတယ်ဘုရား)။

ဟောဒီ. . . တစ်ကိုယ်လုံးကျတော့ တချို့နာတယ်, တချို့ခံသာတယ်ဆိုတာ ကိုယ်ပေါ်မှာက သုခဝေဒနာနဲ့ ဒုက္ခဝေဒနာပေါ်တယ်. . . (မှန်လှပါဘုရား)။

ပြန်မေးလိုက်တယ်၊ မျက်စိ, နား, နှာခေါင်း, လျှာမှာ တော့ . . . (ဥပေက္ခာဝေဒနာပေါ်ပါတယ်ဘုရား)။

အဲဒါ ဘယ်စိတ်ကလာလာ ဒီဟာ ဝေဒနာနဲ့တွဲလျက် လာသည်ဖြစ်လေသောကြောင့် ဥပေက္ခာချည်း ဦးခင်မောင် မှတ်လိုက်ကြတော့. . . (မှန်လှပါဘုရား)။

## ကိုယ်ပေါ်မှာ

ကိုယ်ပေါ်မှာကျတော့ ဒကာ ဒကာမတို့ တစ်ခါတလေ ကျတော့ နေကောင်းတယ်၊ လေကလေး တိုက်တဲ့အခါ သူ့ကျောကလေးမှာ လေညင်းကလေးခံနေရတာ ချမ်းသာ လိုက်တာဆိုတော့ ကိုယ်ပေါ်မှာ သုခပေါ်တယ်. . . (မှန်ပါ့)။

တစ်ခါတလေ ခြင်ကလေးတွေ ဘာကလေးတွေက ကိုက်၊ အသားတွေ ဟိုကနေဖိ, ဒီကနေဖိ ကြမ်းနဲ့ဖိပြီး သကာလ ဒုက္ခတွေကော ကိုယ်ပေါ် မပေါ်ဘူးလား. . . (ပေါ်ပါတယ် ဘုရား)၊ ကိုယ်ပေါ်၊ ခြေထောက်တွေပေါ် တစ်ကိုယ်လုံးပေါ့ဗျာ . . . (မှန်ပါ့)။

အဲဒီတော့ပေါ်ရာကိုသိတော့ ဩော် . . . အခု ဆရာ ဘုန်းကြီးပြောနေတာ ဘာပါလိမ့်မတုံးဆိုတော့ သေရာသချိုင်း ဖြစ်ပေါ်တဲ့နေရာမှာ သေလိမ့်မယ်ဆို့တဲ့ သချိုင်းသိအောင်လို့ ပေါ်ရာကို ပြောနေရတာ. . . (မှန်လှပါဘုရား)။

သူ့အနိစ္စက နေရာတိုင်းမှာ အနိစ္စအလုပ်ကြီးနဲ့ ပေါ်ရာမှာ အနိစ္စဗျ. . . (မှန်လှပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)၊ ကဲ. . . ဒါဖြင့် မျက်စိ, နား, နှာခေါင်း, လျှာမှာ ဘာဝေဒနာပေါ်သလဲ. . . (ဥပေက္ခာဝေဒနာပေါ်ပါတယ်ဘုရား)။

အဲ. . . မျက်စိထဲ မြင်ချင်တဲ့စိတ်မြင်တာ ဥပေက္ခာဝေဒနာနဲ့ဖြစ်ပြီး ပျက်တာပဲ၊ သူ့သာ အနိစ္စရှု၊ နားက ကြားတဲ့စိတ်ကလေးပေါ်လာတိုင်း ဘာဝေဒနာလဲ. . . (ဥပေက္ခာဝေဒနာပါဘုရား)။

## ဖြစ်ပြီးပျက်တယ်လို့အနိစ္စနဲ့ရှု

အဲဒါဖြစ်ပြီးပျက်တယ်လို့ အနိစ္စနဲ့သာရှုနေ၊ ဒါကလေးက အနိစ္စ၊ အခုပေါ်ပြီးပျက်သွားတာက အနိစ္စ၊ ပေါ်ပြီးပျက်သွားတာက အနိစ္စဆိုတာ ဥပေက္ခာဝေဒနာ၏ အနိစ္စတွေပေါ်လာတယ်. . . (မှန်ပါ့ဘုရား)။

ကိုင်း. . . ဒါဖြင့် ကိုယ်ပေါ်မှာတော့ ချမ်းသာ, ဆင်းရဲနှစ်မျိုးလာတယ်. . . (မှန်ပါ့)၊ ချမ်းသာလာလည်းဝေဒနာမို့ဖြစ်ပျက်ပဲရှုပေး၊ ဆင်းရဲလာလဲ . . . (ဖြစ်ပျက်ရှုပေးရပါမယ်ဘုရား) ဖြစ်ပျက်လဲရှုပေး။

ဝမ်းထဲမှာတစ်ခါ, တစ်ခါတလေကျတော့ ဒကာဒကာမတွေက ဝမ်းထဲရောက်သွားတယ်နော်. . . (မှန်ပါ့)၊

အပြင်ဘက်က ကုန်သွားပြီ မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ် ဆိုတော့ မကုန်သေးဘူးလား. . . (ကုန်ပါပြီဘုရား)။

အဲ. . . ကုန်သွားတော့ အတွင်းဝင်လှည့်၊ အတွင်းကျ တော့ ဒကာ ဒကာမတွေ ဝမ်းသာတဲ့ စိတ်ကလေးများကော မလာဘူးလား. . . (လာပါတယ်ဘုရား)၊ ဒါ. . . သောမနဿ ဝေဒနာကလေး မှတ်လိုက်. . . (မှန်ပါ့)။

တစ်ခါတလေကျတော့ လင်နဲ့မယား၊ သားနဲ့အမိဆို သလို အလိုမကျတာကလေးကော မရှိဘူးလား. . . (ရှိပါတယ် ဘုရား)၊ ဒါကလေးက ဒေါမနဿ ဝေဒနာကလေး မှတ်လိုက် . . . (မှန်ပါ့)။

## ဝမ်းသာရင် သောမနဿဝေဒနာ

ဝမ်းသာရင် သောမနဿဝေဒနာ၊ သဘောကျရဲ့လား . . . (ကျပါတယ်)၊ ဝမ်းနည်းရင် . . . (ဒေါမနဿဝေဒနာပါ ဘုရား)။

တစ်ခါတလေကျတော့လည်း သူတို့သားတွေ, သမီးတွေ ကြောက်ပြီး ပြေးကြတာ ဝမ်းသာ, ဝမ်းနည်းကင်းတဲ့ အခါလည်း ရှိသေးတယ်. . . (မှန်ပါ့ဘုရား)။

ဝမ်းသာ, ဝမ်းနည်း ကင်းတဲ့အခါလည်း ရှိပါသေးတယ်၊ သားတွေ, သမီးတွေက အမျိုးမျိုးပဲ၊ တစ်ယောက်ကလည်း

စရိုက်တစ်မျိုး၊ တစ်ယောက်ကလည်း ဝါသနာတစ်မျိုး၊ သူတို့အတွက်တော့ မတွေးနိုင်ဘူး၊ ကမ္မသကာ ထားရမှာပဲဆိုတဲ့ အခါကလေးများကော မလာဘူးလား. . . (လာပါတယ်ဘုရား) အဲဒီအခါကျတော့ ဝမ်းထဲ ဘာဝေဒနာပါလိမ့်. . . (ဥပေက္ခာဝေဒနာပါဘုရား)။

ဒါဖြင့် ဝမ်းထဲကျတော့ သောမနဿ၊ ဒေါမနဿ၊ ဥပေက္ခာ သုံးမျိုးပဲ ပေါ်တယ်လို့ မှတ်လိုက်ပါ. . . (မှန်ပါ့)၊ ဝမ်းထဲမှာတော့. . . (သုံးမျိုးပဲပေါ်ပါတယ်ဘုရား)။

သောမနဿဝေဒနာ. . . (ဒေါမနဿဝေဒနာ ဥပေက္ခာဝေဒနာပါဘုရား)၊ ဒါပဲ၊ အဲဒါ ကိုယ်ဟာကိုယ်ပေါ်တာ အသိဆုံးပဲ. . . (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ အခုရှုရမည့်နေရာသည် မျက်စိ, နား, နှာခေါင်း, လျှာဆိုတာ လေးနေရာတစ်မျိုး. . . (မှန်ပါ့)၊ ကိုယ်ပေါ်မှာတော့ သုခတစ်မျိုး, ဒုက္ခတစ်မျိုးမို့ နှစ်နေရာပေါ့ဗျာ. . . (မှန်လှပါ)၊ ဝမ်းထဲမှာ သုံးမျိုး, အဲဒါကို ဒကာ ဒကာမတွေက မဂ္ဂင်ငါးပါးနဲ့လိုက်ပါ. . . (မှန်ပါ့)။

မဂ္ဂင်ငါးပါးနဲ့ ဘာလုပ်ရမယ်. . . (လိုက်ရပါမယ်ဘုရား)၊ လိုက်ရမယ်နော်. . . (မှန်ပါ့)၊ မျက်လုံးပေါ်ရင်လည်း မျက်လုံးလိုက်ရလိမ့်မယ်နော်. . . (မှန်ပါ့)၊ နားပေါ်ရင် . . . (နားလိုက်ရပါမယ်)၊ နှာခေါင်းပေါ်ရင်. . . (နှာခေါင်းလိုက်ရပါမယ်)၊ လျှာပေါ်ရင် . . . (လျှာလိုက်ရပါမယ်ဘုရား)။

## ဉာဏ်ကလေးနဲ့လိုက်ပြီး ရှု

ကိုယ်ပေါ်မှာ သုခပေါ်ရင် သုခဆိုပဲလိုက်၊ ဒုက္ခပေါ်ရင် . . . (ဒုက္ခဆိုပဲလိုက်ရပါမယ်)၊ ဝမ်းထဲမှာ ဝမ်းသာတာကလေး ပေါ်လာရင် . . . (သောမနဿဆိုလိုက်)၊ အဲ-ဝမ်းသာတဲ့ဆိုပဲ ဉာဏ်ကလေးနဲ့လိုက်ပြီး ရှုပေး . . . (မှန်ပါ့)။

အဲဒီတော့ **"ယံကိဉ္စိ ဝေဒယိတခမ္မံ သဗ္ဗန္တံ ဒုက္ခသမဂ်ီ"** အကုန် ဒုက္ခသစ္စာချည်းပဲလို့မှတ်လိုက် . . . (မှန်ပါ့ဘုရား)၊ ဖြစ်ပျက်ဟူသရွေ့ ဘာဆိုကြမယ် . . . (ဒုက္ခသစ္စာချည်းပါဘုရား)။

အဲဒီတော့ ဒကာ ဒကာမတွေ သုခတို့, ဒုက္ခတို့, ဥပေက္ခာတို့ ရှုမနေနဲ့တော့၊ ဩော် . . . မျက်လုံးထဲပေါ်လာတာလည်း ဖြစ်ပြီးပျက်ခြင်းကြောင့် ဒုက္ခသစ္စာပဲ၊ သဘောကျပလား၊ ဥပေက္ခာဝေဒနာရယ်လို့ လိုက်မနေနဲ့တော့ . . . (မှန်ပါ့)။

နားထဲပေါ်တာ ကလေးကလဲ . . . (ဒုက္ခသစ္စာပါဘုရား)၊ နှာခေါင်းထဲပေါ်တာကလေးကလဲ . . . (ဒုက္ခသစ္စာပါဘုရား)၊ လျှာပေါ်, ပေါ်တာကလေးက . . . (ဒုက္ခသစ္စာပါဘုရား)၊ ကိုယ်ပေါ်မှာ ပေါ်တာကလေးက . . . (ဒုက္ခသစ္စာပါဘုရား)၊ ဝမ်းထဲပေါ်တာကလေးတွေကော . . . (ဒုက္ခသစ္စာပါဘုရား)။

## ဓမ္မာနုပဿနာ

အဲဒီ. . . ဒီလို ဒုက္ခသစ္စာ, ဒုက္ခသစ္စာလို့ ဆိုလို့ရှိရင်ဖြင့် ဒါ. . . ဓမ္မာနုပဿနာထဲ အကုန်ဝင်သွားတာပဲ. . . (မှန်ပါ့)၊ ဘယ်ထဲဝင်သွားပါလိမ့်. . . (ဓမ္မာနုပဿနာထဲ ဝင်ပါတယ် ဘုရား)။

အေး. . . ဒါ့ကြောင့် ဒီဥစ္စာကလည်း ဘုန်းကြီးကပြော တယ်လို့ ပြောတဲ့ အဓိပ္ပာယ်လို့လည်း မယူပါနဲ့တဲ့ "**သမာဟိ တော သမ္မဇာနေောသတော ဗုဒ္ဓဿ သာဝကော၊ ဝေဒနာစ ပဇာနာတိ**" ဝေဒနာကို သိရမယ်ဆိုတာ ဝေဒနာ သိရမှာလား ဆိုတော့ အဌကထာဆရာက ဝေဒနာမသိပါနဲ့ကွာ၊ "**ဒုက္ခသစ္စ ဝသေန ပဇာနာတိ**" ဒုက္ခသစ္စာလို့ သိအောင်လုပ်ပါတဲ့၊ ရှင်းပလား. . . (ရှင်းပါပြီ) ဘယ်လိုသိအောင် လုပ်ရမှာတုံး. . . (ဒုက္ခသစ္စာလို့ သိအောင်လုပ်ရမှာပါ)။

ဒါဖြင့် ဖြစ်ပြီးပျက်တာ ဘာသစ္စာ. . . (ဒုက္ခသစ္စာပါ ဘုရား)၊ အဲ. . . မျက်လုံးထဲဖြစ်ပြီး ပျက်တာလည်း ဒုက္ခသစ္စာ၊ နားထဲဖြစ်ပြီး ပျက်တာကော. . . (ဒုက္ခသစ္စာပါဘုရား)၊ ဝမ်းထဲ ဖြစ်ပြီးပျက်တာတွေကော. . . (ဒုက္ခသစ္စာပါဘုရား)။

## အကုန်ဒုက္ခသစ္စာပဲရှိတယ်

အဲဒါကြောင့်. . . ဒါဖြင့် အကုန်ဒုက္ခသစ္စာပဲ ရှိပါက

လားလို့ ဒီကနေ သိပေးပါ. . . (မှန်ပါ့)၊ သူတို့က ဒုက္ခသစ္စာ၊ သိတာက. . . (မဂ္ဂသစ္စာပါဘုရား)၊ ရှေ့ကချုပ်ပျက်တာက . . . (ဒုက္ခသစ္စာပါ) သိတာက. . . (မဂ္ဂသစ္စာပါဘုရား)။

မဂ္ဂသစ္စာဆိုတော့ ဩော်. . . ဒီမင်္ဂဟာ ကျေးဇူးများပါကလား၊ ဝိပဿနာမင်္ဂဟာ တယ်. . . ကျေးဇူးများပါကလားဆိုတာပေါ်လာတယ်. . . (ပေါ်လာပါတယ်ဘုရား)။

ဘယ်လိုကျေးဇူးများသတုံးဆိုတော့ ဒကာ ဒကာမတွေ ရှင်းအောင် ပြောလိုက်ပါမယ်၊ သုခ, ဒုက္ခ, ဥပေက္ခာနော်. . . (မှန်ပါ့)၊ သုခဝေဒနာမရှုလို့ရှိရင် သုခဝေဒနာပစ္စယာ, တဏှာ လာပါလိမ့်မယ်. . . (မှန်ပါ့)၊ တဏှာပစ္စယာ. . . (ဥပါဒါန်ပါ ဘုရား)၊ ဩော်. . . ဒါ. . . မရှုတဲ့ ပုဂ္ဂိုလ် တဏှာ, ဥပါဒါန်, ကံ, ဇာတိ, ဇရာ, မရဏဆိုတာ အကုန်မလာပေဘူးလား. . . (လာပါတယ်ဘုရား)။

## မဂ္ဂင်ငါးပါးနဲ့ရှုပေးပါ

လာတော့ ဒကာ ဒကာမတွေ အဲဒီ တဏှာဖြတ်ရ အောင်လို့ ဒီကနေ မဂ္ဂင်ငါးပါးနဲ့ ဦးခင်မောင်တို့က ရှုပေးပေါ့ဗျာ . . . (မှန်ပါ့ဘုရား)၊ တဏှာ, ဥပါဒါန်, ကံ လာသေးရဲ့လား. . . (မလာပါဘုရား)။

ဩော်. . . သုခဝေဒနာ ရှုလိုက်တဲ့အတွက် တဏှာ သေတယ်. . . (မှန်ပါ့ဘုရား)၊ သုခဝေဒနာကို ဒုက္ခသစ္စာလို့ ရှုလိုက်တဲ့အတွက်. . . (တဏှာသေပါတယ်ဘုရား)။

ကဲ. . . တစ်ခါကလေကျတော့ ဦးခင်မောင်တို့ သန္တာန်မှာ ဒုက္ခဝေဒနာကလေး မပါဘူးလား. . . (ပါ, ပါတယ်ဘုရား)၊ ဒုက္ခဝေဒနာလာတော့ ဒေါသ, သောက, ပရိဒေဝတို့ နောက်က မလိုက်ဘူးလား. . . (လိုက်ပါတယ်ဘုရား)။

အဲဒါတွေ မလိုက်အောင် ဒုက္ခသစ္စာလို့ ရှုလိုက်တော့ ဒေါသ, သောက, ပရိဒေဝ မချုပ်ဘူးလား. . . (ချုပ်ပါတယ်ဘုရား)။

အင်း. . . ဟင်း. . . ခုနင်က လောဘချုပ်ခဲ့တယ်၊ အခု ဒေါသချုပ်တယ်. . . (မှန်ပါ့)၊ မချုပ်ဘူးလား. . . (ချုပ်ပါ တယ်)၊ ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)။

## ဉပေက္ခာဝေဒနာဟာ သိမ်မွေ့နူးညံ့တယ်

ဉပေက္ခာဝေဒနာဟာ သိမ်မွေ့နူးညံ့ပါတယ်တဲ့ ဒကာ ဒကာမတို့ ကိုယ့်ခန္ဓာကိုယ်ထဲဖြစ်တာ မသိဘဲနေမှာစိုးလို့ ဘုန်းကြီးက ရှင်းအောင်မြင်တာကလေး ဘာတုံး. . . (ဉပေက္ခာပါ) နံတာကလေးကော. . . (ဉပေက္ခာပါ)၊ စားတာကလေးကော. . . (ဉပေက္ခာပါ)။

အဲ. . . ဝမ်းထဲမှာ သားတွေ, သမီးတွေနဲ့တကွ ပစ္စည်းတွေ ကမ္ဘာကပဲလို့ ထားတာကော. . . (ဥပေက္ခာ ဝေဒနာပါဘုရား)။

အဲဒါကလေးတွေ လာတိုင်း, လာတိုင်းကိုလည်း ဥပေက္ခာဝေဒနာမသိလို့ရှိရင်ဖြင့် ဦးခင်မောင်မှတ်လိုက်၊ မသိတာက အဝိဇ္ဇာ၊ ပြုပြင်တာက သင်္ခါရ၊ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာလာတယ်. . . (မှန်ပါ့)၊ မလာဘူးလား. . . (လာပါတယ်ဘုရား)။

အဝိဇ္ဇာပစ္စယာသင်္ခါရာ. . . (လာပါတယ်ဘုရား)၊ ဒါ ဥပေက္ခာ ဝေဒနာမသိလိုက်လို့ဗျာ. . . (မှန်ပါ့)၊ သံသရာကြီး ဆက်မသွားဘူးလား. . . (ဆက်သွားပါတယ်)။

အဲဒါကြောင့် ဥပေက္ခာဝေဒနာ အခုနေရာတွေကို ဆရာဘုန်းကြီးက ပြောပြတဲ့အတွက် ဒီငါးပါးနဲ့ မျက်လုံးမှာ ပေါ်လာလည်း ဖြစ်ပျက်ရှု၊ ဒုက္ခသစ္စာပဲ. . . (မှန်ပါ)၊ နားမှာ ပေါ်လာလည်း. . . (ဒုက္ခသစ္စာပါပဲ)၊ နှာခေါင်းမှာ ပေါ်လာလဲ . . . (ဒုက္ခသစ္စာပါပဲ)၊ လျှာမှာပေါ်လာလဲ . . . (ဒုက္ခ သစ္စာပါပဲ)၊ ဝမ်းထဲမှာ ကမ္ဘာကာ ထားတာကလေးတွေကော . . . (ဒုက္ခသစ္စာပါပဲ)၊ ဖြစ်ပြီးပျက်တော့ ဘာသစ္စာတဲ့တုံး . . . (ဒုက္ခသစ္စာပါဘုရား)။

## ဥပေက္ခာကာဖြစ်ပျက်၊ ရှုတာကာမင်္ဂ

အဲဒီလို ရှုလိုက်တဲ့အခါကျတော့ ဒီက ဖြစ်ပျက်၊ ဥပေက္ခာကဖြစ်ပျက်, ရှုတာက မဂ်ဖြစ်သောကြောင့် အဝိဇ္ဇာ သင်္ခါရအကုန်ချုပ်တယ်. . . (မှန်ပါ့ဘုရား)၊ မချုပ်ဘူးလား. . . (ချုပ်ပါတယ်ဘုရား)။

ဒါဖြင့်. . . ပထမတုန်းက လောဘချုပ်တယ်၊ ဒုတိယ ဒေါသချုပ်တယ်၊ တတိယ မောဟချုပ်တယ်. . . သဘောကျ ပလား. . . (ကျပါပြီ)။

## နိဗ္ဗာန်ပေါက်တရား

ဒါဖြင့် လောဘ, ဒေါသ, မောဟချုပ်တဲ့ တရားဟူသရွေ့ ဟာဖြင့် နိဗ္ဗာန်ပေါက်ဆိုတာ ဒကာ ဒကာမတွေ ရှင်းကြ ပါပြီ. . . (ရှင်းပါပြီဘုရား)၊ သူ့နေရာနဲ့သူပေါ်တာကော သိပလား . . . (သိပါပြီဘုရား)။

အဲဒီတော့ ပေါ်ရာကို ခင်ဗျားတို့က ပထမ အာနာပါန ကလေးလုပ်ပေါ့ဗျာ၊ ရှုလိုက်, ရှိုက်လိုက်, ရှုလိုက်, ရှိုက်လိုက်၊ နောက်ကျတော့ ဝေဒနာတွေဟာ ခုနက နားကကြားလို့ရှိရင် လည်း အင်း. . . ဒါကလေးဟာ ဖြစ်ပျက်၊ နှာခေါင်းက နံလာလို့ ရှိရင်လည်း နံတဲ့ ဝေဒနာကလေး ဘာဆိုကြမယ်. . . (ဖြစ်ပျက် ပါဘုရား)၊ လျှာက ကိုယ့်တံတွေးကလေး ကိုယ်မျိုလိုက်လို့

သလိပ်ကလေး ဘာကလေး ဝင်သွားလို့ ငန်သလိုလို ဘာလိုလို ရှိရင်လည်း ဘာလုပ်ကြမယ်. . . (ဖြစ်ပျက်ရှုရပါမယ်)၊ ဖြစ်ပျက် ရှုရမယ်ဆိုတာ သေချာပလား. . . (သေချာပါပြီဘုရား)။

ကိုင်း. . . ကိုယ်ပေါ်က ယားလာရင်ကော. . . (ဖြစ်ပျက်ရှုရပါမယ်)၊ ကိုယ်ပေါ်က ကောင်းများလာရင်ကော. . . (ဖြစ်ပျက်ရှုရပါမယ်) ဖြစ်ပျက်ရှုရလိမ့်မယ်။

ဝမ်းထဲကနေပြီး တရားကလေးရှုလို့ အို. . . ခုန သူတော်ကောင်း စိတ်ကလေး ဝင်လာတယ်ဆိုပြီး ဝမ်းသာတာ ကလေးဖြစ်ဖြစ်လာရင် အဲဒီ ဝမ်းသာတာကလေး တစ်ခါတည်း ဖြစ်ပျက်ရှုပေးပါ. . . (မှန်ပါ့)။

တရားရှုရတာ ဘာမှမတွေ့သေးဘူး၊ ခက်လိုက်တာဆိုရင် အဲဒီ ခက်လိုက်တဲ့စိတ်ကလေး ဖြစ်ပျက်ရှု. . . (မှန်ပါ့ ဘုရား)၊ သဘောကျပလား. . . (ကျပါပြီ)။

## အရှုခံလာတာ၊ ဖြစ်ပျက်ရှု

တရားရှုရတာ ဘာမှမတွေ့သေးလို့ စိတ်ပျက်လာလိမ့်မယ်. . . (မှန်ပါ့)၊ အဲ. . . ဖြစ်တာကလေးဟာ ခင်ဗျားတို့ အရှုခံလာတာ. . . (မှန်ပါ့ဘုရား)၊ ဖြစ်တာကလေးက ဘာပါလိမ့်. . . (အရှုခံလာတာပါဘုရား)။

အဲဒီ အရှုခံလာတာကလေးကို သြော်. . . ဖြစ်တာကလေးက ဒေါမနဿဝေဒနာ၊ သူလည်း ဖြစ်ပျက်ပဲလို့ နောက်ကနေ မဂ်နဲ့လိုက်ပေး. . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

အဲဒီလို ရှုလိုက်တဲ့အခါကျတော့ ခန္ဓာကိုယ်တစ်ကိုယ်လုံးမှာ ဝေဒနာက္ခန္ဓာချည်းဖြစ်နေတော့ တစ်ကိုယ်လုံး ဖြစ်ပျက်တွေ ဖြစ်နေတယ်. . . (မှန်ပါ့)။

သူကနေ လမ်းစတွေ့လိုက်တာ ဦးခင်မောင် တစ်ကိုယ်လုံးဖြစ်ပျက်တွေ တွေ့လာတယ်. . . (မှန်ပါ့)။

အဲဒီတော့ အဲဒီဖြစ်ပျက်တွေမြင်လာပြီးသကာလ ဒကာဒကာမတွေ ဒီဖြစ်ပျက်တွေမှတစ်ပါး ဘာမှမရှိဘူး၊ ဒုက္ခသစ္စာမှ တစ်ပါး ဘာမှ မရှိဘူးဆိုတာ မလာပေဘူးလား. . . (လာပါတယ်)။

## သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်

အဲဒီဒုက္ခသစ္စာပိုင်ပိုင်နိုင်နိုင်သိလိုက်ပါတယ်. . . (မှန်ပါ့)၊ အဲဒါသည် သစ္စဉာဏ်လို့ တစ်ခါတည်းမှတ်လိုက်ပါ . . . (မှန်ပါ့)။

ဒုက္ခသစ္စာပိုင်ပိုင်နိုင်နိုင်သိလိုက်တာ ဘာခေါ်ကြမယ် . . . (သစ္စဉာဏ်ပါဘုရား)၊ သစ္စဉာဏ်ဆိုတာ သေချာကြ

ပလား. . . (သေချာပါပြီဘုရား)၊ အဲဒီ သစ္စဉာဏ်ရတယ်လို့ ဆိုလို့ရှိရင်လည်း ဒကာ ဒကာမတို့ မဂ္ဂင်ငါးပါးနဲ့ ကိုက်ပါပြီ . . . (မှန်ပါ့)။

နောက်ကျတော့ ဒကာ ဒကာမတွေ ဒီသစ္စဉာဏ်တွင် မရပ်ဘဲနဲ့ ကိစ္စဉာဏ်ကိုတက်ရမယ်. . . (မှန်ပါ့)၊ ပြီးတော့မှ ကတဉာဏ်တက်လို့ရှိရင် ကိစ္စပြီးပါလိမ့်မယ်. . . (မှန်လှပါ ဘုရား)။

ယနေ့တော့ နာရီစေ့ပြီ၊ နက်ဖြန်မှဟောကြစို့. . .။

သာဓု . . .၊ သာဓု . . .၊ သာဓု . . .။